# ကံမော်ကြီးကျေးရွာ

## ဘုတ်ပြင်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး



## ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၄-၂၀၂၅/၂၀၂၅-၂၀၂၆)


ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ကံမော်ကြီးကျေးရွာ၊ ဘုတ်ပြင်းမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ

## မာတိကာ


၁။ စကားချီး ....................................................................................................1

၂။ ရည်ရွယ်ချက် ................................................................................................2

၃။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းမြစ်များ ........................................3

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား .................................3

(ခ) သဘာဝအရင်းမြစ်များ ......................................................................................4

၄။ စီမံကိန်းဇယားများ ..........................................................................................5

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ ..................................................................5

(၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ .................................................5

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား ............................................................................5

(၁.၃) သဘာဝ ရင်းမြစ်များ ..................................................................................11

(၁.၄) ဥစ္စာဓနအဆင့် အခြေအနေ ..........................................................................13

(၁.၅) ထိခိုက်လွယ်မှု ..........................................................................................14

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ..........................................................19

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ ...........................................................19

(၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ.........................................................21

(၂.၃) ရွှေ့ပြောင်းလုပ်သားများ ..............................................................................32

(၂.၄) ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက်................................................................34

(၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း .........................................................34

(၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု.............................................35

(၂.၇) ပညာရေး....................................................................................................36

(၂.၈) ကျန်းမာရေးနှင့် အာဟာရ.............................................................................40

(၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ................................................................43

(၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ .......................................................45

(၂.၁၂) လျှပ်စစ်မီးရရှိမှု ........ 48

(၂.၁၃) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ ........ 49

(၂.၁၄) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး ........ 49

(၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ ........ 50

၅။နောက်ဆက်တွဲများ ........ 52

## ၁။ စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစမှ ၂၀၂၀/၂၁ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဆုံးသော လူထုပါဝင်ရေး ဆွဲထားသည့် ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပြီး ယခု၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်တွင် ပြန်လည် ပြင်ဆင်ရေးဆွဲပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာ ပံ့ပိုးပေးသည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံညဏ်များ တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ ကြသော်လည်း ကျေးရွာလူထုစနစ်တကျ ပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ကြပါ။ ဤလုပ်ငန်းစနစ်ကြောင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေး ဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိနားလည်လာခဲ့ရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်များရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင် ထပ်မံလိုအပ် သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှတစ်ဆင့် ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိ လာခဲ့ပါသည်။

ယခုရရှိသော အစီအစဉ်ကို ထပ်မံရရှိသောကိန်းဂဏန်းအချက်အလက်များ ထပ်မံဖြည့်ပေးခြင်း ဖြင့် ပိုမိုကောင်းမွန်ပြည့်စုံလာမည်ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်သည် ထပ်မံဖြည့်စွပ်လုပ်ဆောင် ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု ထက်ဝန်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ် ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုလုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရမည်ဖြစ်သည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ပံ့ပိုးမှုများ ဆက် လက်ရရှိ မည်ဟု မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ တိုးတက်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိမည်ဟု ယုံကြည်မိပါသည်။

## ၂။ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်သည့် အစီအစဉ်ဖြစ်ပါသည်။ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာဖွံ့ဖြိုးရေး ဆိုင်ရာ ကိန်းဂဏန်းသတင်း အချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးနှင့် ဌာနဆိုင်ရာများမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီး ကြောင်းကိုပါ သတိပြုမိလာကြသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးအခြေအနေနှင့် ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာဖြစ်ရသည့်အကြောင်းရင်းများ၊ ဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေသော အကြောင်းအရာများနှင့် အဟန့်အတားဖြစ်စေသောအရာများ၊ ငါးနှစ်တာကာလအပြီးတွင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေဖြင့် ဆောင်ရွက်မည့် နည်းဗျူဟာများနှင့် စီမံချက်များကို ရှင်းလင်းစွာဖော်ပြထားသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်ဆံရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ဖွံ့ဖြိုးရေးနှင့် ဆက်နွယ်သူအားလုံးတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုကို သိရှိစေရန်မျှော်လင့်ပါသည်။

## ၃။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းမြစ်များ


### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကံမော်ကြီးကျေးရွာသည် ကျွန်းစုရွာဖြစ်ပြီး ဘုတ်ပြင်းမြို့မှ ကုန်းလမ်း၊ ရေလမ်းဖြင့် ၈၀ မိုင်ကွာဝေးပါသည်။ ကံမော်ကြီးကျေးရွာအရှေ့ဘက်တွင် မသေကျေးရွာ၊ အနောက်ဘက်တွင် ပါချန်ကြိုးဝိုင်း၊ မြောက်ဘက်တွင် အောင်ဆန်းတောင်ကျေးရွာတို့ရှိပါသည်။ ရွာတွင်းလမ်းများသည် လူသွားတံတားများသာရှိပါသည်။ အခြားကျေးရွာများသို့သွားသော လမ်းများမှာ ရေလမ်း၊ကုန်လမ်း ရှိပါသည်။ မိုးရာသီတွင် သွားလာရ အလွန်ခက်ခဲပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန


ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့်ဝင်ငွေမြှင့်တင်ရေးစီမံကိန်း

ဘုတ်ပြင်းမြို့နယ်၊စီမံကိန်းကျေးရွာအုပ်စုများအခြေပြမြေပုံ



## (ခ) သဘာဝအရင်းမြစ်များ

ကျန်းမာရေးအနေဖြင့် နာမကျန်းဖြစ်ပါက ကျေးလက်ဆေးပေးခန်း မရှိသောကြောင့် ကြိုတင်ဆေးဝယ်ထားရခြင်း၊ ရွာရှိ ဈေးဆိုင်များမှ ဆေးဝယ်သောက်ရခြင်း ပြုလုပ်ပြီး မသက်သာပါက ဘုတ်ပြင်းမြို့နှင့် ကော့သောင်းဆေးရုံများသို့ ခက်ခက် ခဲခဲ သွားရောက်ကုသကြပါသည်။ သောက်သုံးရေ အနေဖြင့် ရွာရေတွင်းနှင့် အဝီစိတွင်းများမှ ရရှိပါသည်။ ကံမော်ကြီးကျေးရွာတွင် ဥယျာဉ်ခြံနည်းငယ်ရှိပြီး သစ်တောအနည်းငယ်ရှိပါသည်။



**အရင်းမြစ်ပြမြေပုံ**

## ၄။ စီမံကိန်းဇယားများ

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**ကျေးရွာ– ကံမော်ကြီး** **အုပ်စု – မသေ** **ရက်စွဲ – ၂၇၊၆၊၂၀၁၇**

### (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

### (၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း% |
|---|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၄ | ၄ | ၈ | ၀.၈% |
| ၁နှစ်မှ၄နှစ်အထိ | ၅နှစ်အောက်ကလေးငယ် | ၄၁ | ၂၈ | ၆၉ | ၇.၃% |
| ၅ နှစ်မှ ၉နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၆၃ | ၅၇ | ၁၂၀ | ၁၂.၈% |
| ၁၀ နှစ်မှ ၁၄နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၅၉ | ၆၄ | ၁၂၃ | ၁၃% |
| ၁၅ နှစ်မှ ၆၄နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၀၉ | ၂၉၇ | ၆၀၆ | ၆၄.၃% |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၁၀ | ၇ | ၁၇ | ၁.၈% |
| **စုစုပေါင်း လူဦးရေ = ၉၄၃** | | **၄၈၆** | **၄၅၇** | **၉၄၃** | **၁၀၀%** |
| **စုစုပေါင်း အိမ်ထောင်စု – ၂၁၃** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ – ၄.၄** | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး

**လေ့လာတွေ့ရှိချက်။** ။ ကံမော်ကြီး ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၁၃) စု ရှိပြီးလူဦးရေ စုစုပေါင်း ( ၉၄၃ ) ဦး ရှိ ပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် ( ၄.၄) ဦး ရှိ ပါသည်။ အသက် ၁၅ နှစ် မှ ၆၄နှစ် အထိ အလုပ်လုပ်နိုင်သော လူဦးရေမှာ ၆၄.၃% ရှိပြီး (၁၅) နှစ်အောက် လူဦးရေနှင့် အသက် (၆၅) နှစ် အထက် လူဦးရေ စုစုပေါင်း ၁.၈%သည် မှီခိုသူများ ဖြစ်ကြပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် ( ၄.၄ ) ဦး ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းထက် လျော့နည်းနေပါသည်။ သို့သော်လည်း ကျေးရွာအတွင်း လုပ်အားအရင်းအမြစ် ရှိသည်ဖြစ်သောကြောင့် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာလျှင် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် အထောက်အကူပေးနိုင်ပါသည်။

### (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

### (၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူ ဦးရေ | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင် လုပ်အား | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူ ဦးရေ | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၁ | **စိုက်ပျိုးရေး (သီးနှံထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂၁ | ၉.၉ | ၃၆ | ၁၁ | လတ်(ကွမ်း၊ ရာဘာ စိုက်ပျိုးခြင်း) |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | – | – | – | – | – |
| ၂ | **တိရိစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၁.၉ | ၃ | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | – | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၁၄ | ၅၃.၅ | ၁၅၄ | ၉ | လတ်(ပုဇွန်၊ ကဏန်း၊ ငါးဖမ်းခြင်း၊ ရာသီပေါ်) |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | – | – | – | – | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | – | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | – | – | – | – | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | – | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | – | – | – | – | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | – | လတ်(ရေပေးဝေရေး) |
| | အလုပ်သမား၊ ကျပန်း၊ | – | – | – | – | – |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူ ဦးရေ | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင် လုပ်အား | | |
| | ရာသီအလိုက် အလုပ်သမား | | | | | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၁.၄ | ၃ | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | နိမ့်(လက်သမား) |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၀.၉ | ၂ | | လတ်(ဝပ်ရှော့) |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၀.၅ | ၁ | ၁ | လတ်(အပ်ချုပ်၊အလှပြင်) |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၈ | ၈.၅ | ၂၉ | ၈ | လတ်(စျေးဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အရောင်းအဝယ်) |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူ ဦးရေ | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| ၁၃ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| ၁၄ | အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| ၁၅ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| ၁၆ | ပညာရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | ၁ | နိမ့်(ကျောင်းဆရာ/မ) |
| ၁၇ | ကျန်းမာရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူ ဦးရေ | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင် လုပ်အား | | |
| **၁၈** | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| **၁၉** | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၅၀ | ၂၃.၅ | ၈၀ | ၅ | နိမ့်(ကျပန်း) |
| **၂၀** | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| **၂၁** | အခြား | ၂ | ၀.၉ | ၄ | - | နိမ့်(မှီခို) |
| | **စုစုပေါင်း** | **၂၁၃** | **၁၀၀** | **၃၁၂** | **၃၅** | |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကံမော်ကြီးကျေးရွာတွင် ရေလုပ်ငန်းများသာ လုပ်ကိုင်ကြသည်။ အလုပ်လုပ်နိုင်သော လူဦးရေစုစုပေါင်း (၆၀၆)ဦးဖြစ်ပြီး လက်ရှိ အလုပ်လုပ်နိုင်သော လူဦးရေ(၃၁၂)ဦးသာ ရှိပါသည်။ တွဲဖက်လုပ်ငန်း လုပ်ကိုင်သူ(၃၅)ဦးသာ ရှိသည်ကို တွေ့ရှိရပါသည်။ လက်ရှိအလုပ်မလုပ်သော လူများမှာ အမျိုးသမီး အများစုဖြစ်ပြီး အလုပ်လက်မဲ့များ ဖြစ်နေကြပါသည်။ ကျေးရွာတွင် ရေလုပ်ငန်းသာ အဓိက လုပ်ငန်းကြပြီး ကျေးရွာရှိ အိမ်ထောင်စု အားလုံး၏ (၅၃.၅%)ရှိသည်ကို တွေ့ရှိရပါသည်။ ရေလုပ်ငန်းအပေါ် ရပ်တည်နိုင်မှုသည် အလယ်အလတ် အဆင့်ရှိကြောင်း တွေ့ရှိရပါသည်။ ကျပန်းလုပ်ကိုင်သူများမှာ အိမ်ထောင်စုများပြားသည်ကို တွေ့ရှိရပါသည်။ ဈေးဆိုင် ရောင်းချသူများ မှာလည်း ရပ်တည်နိုင်မှု အလယ်အလတ်တွင် ရှိပါသည်။ ဥယျာဉ်ခြံ၊ ရေလုပ်ငန်း၊ ပညာရေးဝန်ထမ်း၊ ဈေးဆိုင်၊ အပ်ချုပ်ဆိုင်၊ ဝပ်ရှော့၊ လက်သမား၊ ဆိုင်ကယ်မောင်းသမား စသော လုပ်ငန်းများ လုပ်ကိုင်ကြသည်ကို တွေ့ရှိရပါသည်။ ထိုပြ

## (၁.၂.၂)　　လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | ဥယျာဉ်လုပ်ငန်း | နေ့စား | ၇၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၃၀၀၀ | တောခုတ်၊ပျိုးပင် အိတ်ထည့် |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - | တစ်နိုင်တစ်ပိုင် |
| ၃ | ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | ၈၀၀၀ | - | ၇၀၀၀ | - | ငါးဖမ်းလှေ အငှားလိုက် |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - | ကိုယ်ပိုင် |
| ၆ | ဆောက်လုပ်ရေး၊ လက်သ မား၊ ပန်းရံလုပ်ငန်း | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၅၀၀၀ | လက်သမား(ဆရာ- ၁၀၀၀၀-ကျပ်) |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - | ဝပ်ရှော့ ကိုယ်ပိုင်လုပ်ကိုင် |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - | တစ်နိုင်တစ်ပိုင် |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက် ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်**

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကံမော်ကြီးကျေးရွာတွင် ရေလုပ်ငန်းကိုသာ အဓိကလုပ်ကိုင် ကြပြီး ဥယျာဉ်ခြံလုပ်ငန်း လုပ်ကိုင်သူ အနည်းငယ်ရှိပါသည်။ ဥယျာဉ်ခြံလုပ်ငန်းတွင် နေ့စားလုပ်အားခ ရရှိနူန်းသည် အမျိုးသားတစ်နေ့ လုပ်အားခအများဆုံး (၇၀၀၀)ကျပ်၊ အနည်းဆုံး (၆၀၀၀)ကျပ် ထိရရှိကာ အမျိုးသမီးလုပ်အားခ တစ်နေ့အများဆုံး (၅၀၀၀)ကျပ်၊ အနည်းဆုံး(၃၀၀၀)ကျပ်ရရှိသဖြင့် ကျားမလုပ်အားခ ကွာဟမှုရှိသည်ကိုတွေ့ရှိရပါသည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသမီးများသည် ဥယျာဉ်ခြံလုပ်ငန်းများ လုပ်ကိုင်ရာတွင် လုပ်ငန်းကျွမ်းကျင်မှု မရှိခြင်း၊ အမျိုးသားများနှင့် တန်းတူအလုပ်လုပ်နိုင်သည့် အင်အားမရှိခြင်းတို့ကြောင့် လုပ်ခနည်း၍ရရှိသည်ကို တွေ့ရှိရသည်။ သို့သော် သစ်ပင်များ ပျိုးပင်အိတ်သည့် လုပ်ငန်းတွင် အမျိုးသမီးများလုပ်ငန်း လုပ်ကိုင်ကြပြီး အမျိုးသားများမှာ တောခုတ်ခြင်း လုပ်ငန်းများ လုပ်ကိုင်သည်ကို တွေ့ရှိရသည်။ ရေလုပ်ငန်းလုပ်ကိုင်ကို အဓိကလုပ်ကိုင်သော ကျေးရွာဖြစ်သောကြောင့် ငါးဖမ်းခြင်း လုပ်ငန်းများလုပ်ကိုင်ရာတွင် အမျိုးသားများသာ လုပ်ကိုင်ကြပြီး အငှားလိုက်သူများလည်း ရှိပါသည်။ အိမ်များ၊ အဆောက်အဦများ ဆောက်လုပ်ရာတွင် အမျိုးသားများသာ လုပ်ဆောင်ကြပြီး တစ်နေ့လုပ်အားမှာ အများဆုံး (၈၀၀၀)ကျပ်နှင့် အနည်းဆုံးမှာ (၇၀၀၀)ကျပ် ရရှိပါသည်။ လက်သမားဆရာများသည် တနေ့လုပ်အားခ(၁၀၀၀၀)ကျပ်ရရှိပါသည်။ အင်ဂျင်စက်များ ပြုပြင်ခြင်း၊ စက်ချုပ်ခြင်း၊ လက်လီလက်ကား ရောင်းချခြင်း လုပ်ငန်းများ စီးပွားဖြစ် ကိုယ်ပိုင်လုပ်ကိုင်သူများလည်း ရှိပါသည်။ မွေးမြူရေး လုပ်ငန်းကို စီးပွားဖြစ် မဟုတ်ပဲ စားသောက်ရန် တနိုင်တပိုင် မွေးမြူကြပါသည်။

## (၁.၃) သဘာဝ ရင်းမြစ်များ

### (၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (ကောင်း/သင့်/ညံ့) | ရေအရင်းအမြစ် |
|---|---|---|---|
| လယ်မြေ | - | - | - |
| ယာမြေ | - | - | - |
| တောင်ယာမြေ | ၃၀ | - | မိုးရေ |
| ဥယျာဉ်ခြံမြေ | ၇၈၀ | ကောင်း | တွင်းရေ၊ မိုးရေ |
| ကိုင်း/ကျွန်းမြေ | - | - | - |
| ဓနိတောမြေ | ၁၉ | ကောင်း | မိုးရေ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (ကောင်း/သင့်/ညံ့) | ရေအရင်းအမြစ် |
|---|---|---|---|
| စားကျက်မြေ | - | - | - |
| ပလပ်မြေ | - | - | - |
| **စုစုပေါင်း** | **၈၂၉** | - | - |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။
**မှတ်ချက်**။ ။ရေအရင်းအမြစ်-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

**လေ့လာတွေ့ရှိချက်**။ ။ ကံမော်ကြီးကျေးရွာတွင် ရေလုပ်ငန်းကို အဓိက လုပ်ကိုင်ကြသော်လည်း အချို့ အိမ်ထောင်စု အနည်းစုမှာ ဥယျာဉ်ခြံလုပ်ငန်း လုပ်ကိုင်ကြပါသည်။ ကျန်အိမ်ထောင်စုများမှာ ဥယျာဉ်ခြံလုပ်ငန်း များကို စိတ်ဝင်စားမှု မရှိခြင်း၊ ငွေကြေး အရင်းအနှီး မရှိခြင်းတို့ကြောင့် ဥယျာဉ်ခြံလုပ်ငန်းကို မလုပ်ကိုင်နိုင်ကြပေ။ ဥယျာဉ်ခြံလုပ်ငန်းရှိသော အိမ်ထောင်စုများမှာ စိုက်ပျိုးရေကို တွင်းရေနှင့် မိုးရေများမှ သုံးစွဲကြပြီး ဥယျာဉ်ခြံလုပ်ငန်းများ ကြာရှည်စွာလုပ်ကိုင်သောကြောင့် မြေဆီသြဇာ အနည်းငယ်ညံ့ပါသည်။

## (၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးချနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ဟိုက်ဒရိုကာဗွန် (ဓာတ်ငွေ့/ရေနံ) | မရှိ | - |
| ဓာတ်သတ္တု ရင်းမြစ် (ကျောက်မျက်၊ သတ္တု၊ ဂရမ်းနိုက်၊ ကျောက်မီးသွေး၊ ကျောက်၊ သဲ၊ ကျောက်စရစ်) | များ | လွယ်(သဲနုသောကြောင့် အသုံးပြုမရပါ) |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | နည်း | ခက် |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | သင့် | လွယ် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်**။ ။ ကံမော်ကြီးကျေးရွာတွင် သဘာဝရေနံဓာတ်ငွေ့များ ထွက်ရှိခြင်း မရှိခြင်းပါ။ ကျွန်း၏ ဘေးပတ်လည်ကျွန်းများတွင် ဓာတ်သတ္တုအရင်းအမြစ်များ ရရှိမှုတွင်လည်း သဲ အများဆုံးထွက်ရှိပြီး အသုံးပြုရန်အတွက် သဲနုသောကြောင့်အသုံးပြုမှုအားနည်းပါသည်။ သဘာဝ တရိစ္ဆာန်မျိုးစိတ်များတွင် ဆတ်၊ မျောက်၊ တောဝက်၊ ဂျီလောင်နှင့် အခြား သဘာဝတရိစ္ဆာန်များ ရှိသော်လည်း ၎င်းတို့ကိုအသုံးပြုမည် ဆိုပါက ခက်ခဲပါသည်။ သဘာဝ အပင်မျိုးစိတ်များနှင့်

ဆေးဖက်ဝင် အပင်များ ရှိသဖြင့် ဘယ်လိုသုံးစွဲရမည်ကို ကျေးရွာလူထုများ နားလည်သဘောပေါက်ကြပါသည်။

### (၁.၄) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသေ ၁ာ အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | (၅၀)ဧကေ | (၁၀)ဧကေ | (၅)ဧကေ | မရှိ |
| အိမ်အခြေအနေ | တိုက်အိမ်၊ ပျဉ်ထောင်အိမ် | ပျဉ်ထောင်အိမ် | ဓနိမိုး၊ သစ်ကာအိမ် | အိမ်ငှား |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | လှေ၊ စက်၊ ပိုက်၊ မြက်ခုတ်စက်၊ ဈေးရောင်း | လှေ၊ စက်၊ ပိုက်၊ မြက်ခုတ်စက်၊ ဈေးရောင်း | မရှိ | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | ရေလုပ်ငန်း၊ ဥယျာဉ်ခြံ | ရေလုပ်ငန်း၊ ဥယျာဉ်ခြံ | ကျပန်း | ကျပန်း |
| အခြားပိုင်ဆိုင်မှု | ဆိုင်ကယ်၊ ဖုန်း၊ အင်ဂျင်စက်၊ တီဗွီ၊စလောင်း | ဆိုင်ကယ်၊ ဖုန်း | မရှိ | မရှိ |
| အိမ်ထောင်စု – 213 | ၁၇(၈%) | ၄၂(၁၉.၇%) | ၆၀(၂၈.၂%) | ၉၄(၄၄.၁%) |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကံမော်ကြီးကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုများမှာ (၁၇)စုရှိပြီး အလယ်အလတ် အိမ်ထောင်စုများမှာ (၄၂)စုရှိပါသည်။ ထိုအိမ်ထောင်စုများမှာ တိုက်အိမ်နှင့် ပျဉ်ထောင်အိမ်များဖြင့် နေထိုင်ကြပြီး ရေလုပ်ငန်း၊ ဈေးဆိုင်ရောင်းခြင်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ အခြားပိုင်ဆိုင်မှုများမှာ မြေရာများ၊ ဆိုင်ကယ်၊ အင်ဂျင်စက်၊ ဖုန်း၊ တီဗွီ၊ စလောင်းများ ပိုင်ဆိုင်ကြပါသည်။ ဆင်းရဲသော အိမ်ထောင်စုများမှာ (၆၀)စုရှိပြီး အလွန်ဆင်းရဲသော အိမ်ထောင်စု (၉၄)စုရှိပါသည်။ ထိုအိမ်ထောင်စုများမှာ ပိုင်ဆိုင်မှု မရှိသောကြောင့် စားဝတ်နေရေး အခက်အခဲရှိသည်ကို တွေ့ရှိရပါသည်။ ဆင်းရဲသော အိမ်ထောင်စုများအတွက် အသက်မွေးဝမ်းကျောင်းကို အထောက်အကူပြုသော သင်တန်းများ ပို့ချပါက အကျိုးရှိပါသည်။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာခနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု% | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | - | - | - |
| ၃ လနှင့် ၆ လကြား | ၁၅ | ၃၁.၉ | လုပ်ငန်းရှင်ထံတွင်ငွေများကို ထုတ်ယူပြီး အတိုးမဲ့ ပြန်ဆပ်ခြင်း၊ လုပ်အားပေးခြင်း |
| ၆ လ မှ ၁၂ လ အထိ | ၃၂ | ၆၈.၁ | လုပ်ငန်းရှင်ထံတွင်ငွေများကို ထုတ်ယူပြီး အတိုးမဲ့ ပြန်ဆပ်ခြင်း၊ လုပ်အားပေးခြင်း |

ရင်းမြစ်..ဥစ္စာခနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကံမော်ကြီးကျေးရွာတွင် ဝမ်းစာဖူလုံရေးအတွက် ဆင်းရဲသော အိမ်ထောင်စုများမှ လုပ်ငန်းရှင်များထံမှ ငွေထုတ်ခြင်းဖြင့် စားဝတ်နေရေးကို ဖြေရှင်းကြပါသည်။ အလွန်ဆင်းရဲသော အိမ်ထောင်စုများမှာ ကျပန်းအလုပ်သာ လုပ်ကိုင်ကြရသောကြောင့် ချေးငွေများကို လုပ်အားဖြင့်သာ ပြန်ဆပ်ကြရသည်။ မိသားစု စားဝတ်နေရေးအတွက် ခက်ခဲမရှိသော်လည်း ငွေကြေးပိုလျှံမှု မရှိသောကြောင့် အကြောင်းတစ်စုံတစ်ရာကြောင့် ပြဿနာများ ဖြစ်ပွားပါက လုပ်ငန်းရှင်ထံမှ ငွေများ ထုတ်ယူရပါသည်။ ထို့ကြောင့် အသက်မွေးဝမ်းကျောင်းနှင့် သက်ဆိုင်သော သင်တန်းများ ပို့ချပါက ကျေးရွာအတွက် အထောက်အကူပြုနိုင်ပါသည်။

### (၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၅ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၁၀ | | |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | | - | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | - | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကံမော်ကြီးကျေးရွာတွင် အသက်(၆၀)နှစ်အထက်တွင် စောင့်ရှောက်မှုလိုအပ်သော သက်ကြီးရွယ်အိုများ၊ အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စု၊ မုဆိုးဖို တစ်ခုလတ် အိမ်ထောင်စု၊ အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင် လုပ်ကိုင်သည့် ဆင်းရဲသော အိမ်ထောင်စုများရှိသည်ကို တွေ့ရှိရသည်။ ထိုင်းနှင့် မလေးရှားနိုင်ငံများတွင် သွားရောက်လုပ်ကိုင်ကြသော အိမ်ထောင်စုများမှာ ကျေးရွာရှိအိမ်ထောင်စု၏ ငါးပုံတစ်ပုံလောက်ရှိပါသည်။ သင်္ကြန်နှင့် သီတင်းကျွတ်တို့တွင် အလည်လာရောက်ကြပါသည်။ ကျေးရွာရှိ မိသားစုများနှင့် ဖုန်းအဆက်အသွယ်ရှိပြီး ငွေပို့ပါက ဟွန်ဒီဖြင့် ပို့ပေးပါသည်။ မိသားစု စောင့်ရှောက်မှုမရှိသော အိမ်ထောင်စုများကို ကျေးရွာမှ ပေးကမ်းကြပြီး အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စုများမှာ အခလုပ်ကိုင်ခြင်းနှင့် ခေါင်းရွက်ဗျက်ထိုး ဈေးရောင်းချခြင်းများ လုပ်ကိုင်ကြပြီး မုဆိုးဖို အိမ်ထောင်စုများမှာ အခြားအိမ်များတွင် အခလုပ်ကိုင်ခြင်းများ လုပ်ကိုင်ကြပါသည်။ ထိုအိမ်ထောင်စုများမှာ စားဝတ်နေရေး အခက်အခဲရှိပါသည်။

### (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (မရှိ/ နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | မရှိ | ဥယျာဉ်ခြံလုပ်ငန်းနှင့် ရေလုပ်ငန်း လုပ်ကိုင်ကြပြီး ပုံမှန်ဝင်ငွေရသော ကြောင့် ဝမ်းစာဖူလုံကြသည်။ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် | စိုက်ပျိုးမြေချဲ့ထွင်ရန်မရှိ(ပိုကောင်း ကုဏီမှာဆီအုန်းစိုက်ပျိုးခြင်း)ရေ အတွက် တွင်းရေနှင့် အဝီစိရေကို သုံးစွဲကြပါသည်။ |
| ၃ | ရေကြီးခြင်း | နိမ့် | ပင်လယ်ကျွန်းရွာ ဖြစ်သောကြောင့် |
| ၄ | မိုးခေါင်ခြင်း | မရှိ | မိုးများသောဒေသဖြစ်သောကြောင့် |
| ၅ | အအေးလွန်ကဲခြင်း | မရှိ | ပူအိုက်စိုစွတ်သောဒေသဖြစ်သော |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (မရှိ/ နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| | | | ကြောင့် |
| ၆ | မုန်တိုင်း | နိမ့် | နှစ်စဉ်နှစ်တိုင်လေပြင်းမုန်းတိုင်ကျရောက် |
| ၇ | လျှေင် | မရှိ | မကြုံဖူး |
| ၈ | မီးဘေး | မရှိ | မကြုံဖူး |
| ၉ | ဆားငန်ရေဝင်မြေ | မရှိ | မကြုံဖူး |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | နိမ့် | ပင်လယ်ကမ်းရှာတွင် အိမ်များကို တောင်ခြေတွင် ဆောက်လုပ်ထားသဖြင့် မြေပြိုနိုင်ပါသည်။ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် | သစ်ပင်များကိုခုတ်လှဲပြီး ဥယျာဉ်များ စိုက်ပျိုးကြခြင်း၊ ပိုကောင်းကုပ္ပဏီမှာဆီအုန်းစိုက်ပျိုးခြင်း |
| ၁၂ | ငှက်ဖျားရောဂါ | လတ် | သွေးလွန်တုပ်ကွေးဖြစ်တတ်သော ကြောင့်ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့မှ ဝန်ဆောင်မှုများပေးပါသည်။ |
| ၁၃ | တီဘီရောဂါ | နိမ့် | အနည်းငယ်သာရှိပ်သည်။ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိ | မကြုံဖူး |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မရှိ | မကြုံဖူး |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မရှိ | မကြုံဖူး |
| ၁၇ | လူကုန်ကူးခြင်း | မရှိ | မကြုံဖူး |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | မြင့် | ပင်လယ်ရှာဖြစ်သောကြောင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲရှိပါသည်။ |
| ၁၉ | အခြား | - | - |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကံမော်ကြီးကျေးရွာတွင် ရေလုပ်ငန်းများကို အဓိကလုပ်ကိုင်သူများ ဖြစ်ပြီး အမျိုးသမီး များ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးသော်လည်း အမျိုးသားများအလုပ်အကိုင် ပေါများသောကြောင့် စားနပ်ရိက္ခာ ဖူလုံမှုရှိကြသည်။ ဥယျာဉ်ခြံလုပ်ငန်းများ လုပ်ကိုင်လိုပါက စိုက်ပျိုးမြေများ တိုးချဲ့ရန် မြေနေရာမရှိပါ။ ဥယျာဉ်ခြံ မြေဆီလွှာ ကောင်းမွန်မှုရှိပြီး စိုက်ပျိုးရေအတွက် တွင်းရေနှင့် အဝီစိရေကိုသာ အသုံးပြု၍ တစ်နှစ်ပတ်လုံး လုံလောက်စွာ သုံးစွဲနိုင်ပါသည်။ သစ်တောပြုန်းတီးမှုများ အနေဖြင့် ပိုကောင်းကုမ္ပဏီ ဆီးအုန်းစိုက်ပျိုးမှုများသောကြောင့်

စိုက်ပျိုးမြေများမရှိ သည်ကိုတွေ့ရပါသည်။ ပင်လယ်ရှာ ဖြစ်သောကြောင့် တောင်ခြေတွင် နေအိမ်များ ဆောက်လုပ်ထားသောကြောင့် မတော်တဆ အန္တရာယ်များ ရှိပါသည်။ ခြင်ကိုက်ခြင်းကြောင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်သောကြောင့် ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့မှ ကာကွယ်ရန် ဝန်ဆောင်မှုများ ပေးပါသည်။ အခြားရောဂါများအနေဖြင့် အနည်းငယ်သာ ဖြစ်ပွားမှုရှိပါသည်။ ပင်လယ်ရှာ ဖြစ်သောကြောင့် မိုးရာသီတွင် ကျေးရွာသူရွာသားများ အနေဖြင့် အန္တရာယ်များသည်ကို တွေ့ရှိရပါသည်။ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ပိုကောင်းကုမ္ပဏီ၏ထိန်းချုပ်မှုအောက်တွင်တည်ရှိသောကြောင့် လွပ်လပ်စွာသွားလားခွင့်မရသည်ကိုတွေရပါသည်။ မနက်(၆)နာရီမှာ ည(၇)အထိသာ သွားလားခွင့် ရရှိပါသည် အရေးပေါ် အခြေနေများတွင် ပိုကောင်းကုမ္ပဏီရုံးကို အကြောင်းကြားမှသာ သွားလားခွင့် ရရှိပါသည်။ ကျန်အချိန်များတွင် သွားလာခွင့်မရရှိသည်ကိုတွေ့ရှိရပါသည်။

### (၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မရှိ/နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | လတ် | မူးယစ်ဆေးဝါးသုံးစွဲသူများပြားသည် |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မရှိ | ခွဲခြားဆက်ဆံခြင်းမရှိပါ။ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မရှိ | ဥယျာဉ်ခြံလုပ်ငန်းကို စိတ်ဝင်စားမှုမရှိပါ။ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ | မရှိ | တော၊ တောင် ၊ ရေ၊ မြေသဘာဝ ကောင်းမွန်သဖြင့်ရာသီဥတု ကောင်းပါသည်။ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | နိမ့် | ပင်လယ်ကမ်းဘေးတွင်နေထိုင်ပါသည်။ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများ သော နေရာ (Prone to accident) တွင် နေထိုင်သူများ | လတ် | ပင်လယ်ကမ်းဘေးတွင် နေထိုင်ကြပါသည်။ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြေ ာင်းခံရသူများ (IDP) | မရှိ | - |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် | တောင်ခြေတွင် နေထိုင်သောကြောင့် ပင်လယ်ရေ ရောက်ရှိပါသည်။ |
| ၉ | ငါးကန်ပိုင်ရှင် | မရှိ | - |
| ၁၀ | လက်လုပ်လက်စားများ၊ | နိမ့် | ခွဲခြားဆက်ဆံခြင်းမရှိပါ။ |

| စဉ် | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မရှိ/နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| | ကျပန်း | | |
| ၁၁ | လူနည်းစုလူမျိုးများ | နရှိ | ဗမာများသာ နေထိုင်ကြပါသည်။ |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင် နေထိုင်သူများ | မရှိ | – |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | မရှိ | – |
| ၁၄ | ရွှေတွင်းလုပ်သား | မရှိ | – |
| ၁၅ | ဆေးစွဲသူများ | နိမ့် | မူးယစ်ဆေးဝါးသုံးစွဲကြပါသည်။ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မရှိ | – |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | မရှိ | – |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မရှိ | |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများန | လတ် | နိုင်ငံခြားတွင်သွားရောက်လုပ်ကိုင်သည်။ |
| ၂၀ | ကားသမား | မရှိ | – |
| ၂၁ | အခြား | – | – |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကံမော်ကြီးကျေးရွာတွင် ဆင်းရဲ၍ အမျိုးသမီးများ ဦးဆောင်သောအိမ်ထောင်စုများ ရှိသော်လည်း မိသားစုဝင်များမှ ကြုံရာကျပန်းလုပ်ကိုင်ပြီး စားဝတ်နေရေးအဆင်ပြေနေသောကြောင့် ခွဲခြားဆက်ဆံမှု မရှိသောကြောင့် ထိခိုက်မှုနည်းကြောင်း တွေ့ရှိရပါသည်။ သို့သော်လည်း ထိုအိမ်ထောင်စုများ အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုကောင်းမွန်လာမည်ဆိုလျှင် ပို၍အဆင်ပြေနိုင်ပါသည်။ ကမ်းတောကျေးရွာတွင် ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်သူ များပြားသောကြောင့် မူးယစ်ဆေးဝါး သုံးစွဲသူများ ရှိသော်လည်း ထိခိုက်မှုများ မရှိပါ။ ကျေးရွာတွင် ဗမာလူမျိုးများနှင့် ဆလုံလူမျိုးများနေထိုင်ကြပြီ လူမျိုးခွဲခြားမှုများ မရှိပါ။ ပင်လယ်ကျွန်းရွာတွင် နေထိုင်သောကြောင့် နေအိမ်များကို ပင်လယ်ကမ်းခြေတွင်ဆောက်လုပ်ထားသဖြင့် ကျေးရွာတွင်းလမ်းနှင့် အိမ်များ ထိခိုက်မှုရှိပါသည်။ တောင်ခြေတွင် နေထိုင်သဖြင့် ပင်လယ်ကမ်းဘေးနှင့် မြေနိမ့်ပိုင်းဖြစ်သောကြောင့် ပင်လယ်ရေများရောက်ရှိပြီး လမ်းများ ပျက်ဆီးမှုရှိသည်ကိုတွေ့ရှိပါသည်။ မြေထိန်းနံရံနှင့် ရေပြွန်များထည့်ပေးခြင်းဖြင့် ရွာလမ်းမပေါ်တွင်ရေကျော်မှုများ လျော့ပါသွားမည်ကို တွေ့ရှိပါသည်။ ရာသီဥတုကောင်းမွန်သောကြောင့် ကူးစက်ရောဂါများ ဖြစ်ပွားမှုမရှိပါ ။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | စွမ်းဆောင်နိုင်မှု (ကောင်း/သင့်/ညံ့) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | အုပ်ချုပ်ရေး | ၂ | ၂၀ | - | ၂၀ | ကျေးရွာအုပ်ချုပ်ရေး | ကောင်း |
| ၂ | အရန်မီးသတ် | ၂ | ၂၀ | - | ၂၀ | မီးဘေးအန္တရာယ် | ကောင်း |
| ၃ | မုဒိတာ | ၃ | ၂၀ | - | ၂၀ | သာရေးနာရေး | |
| ၄ | ဂေါပကအဖွဲ့ | ၃ | ၉ | - | ၉ | ဘုန်းကျောင်းဝေယျာဝစ္စ | ကောင်း |
| ၅ | ကာလသား၊ ကာလသမီး | ၃ | ၆၀ | ၁၅ | ၇၅ | ဘုန်းကျောင်းဝေယျာဝစ္စ | ကောင်း |
| ၆ | ကျောင်း ကော်မတီ | ၂ | ၅ | ၁၅ | ၂၀ | စာသင်ကျောင်း လိုအပ်ချက် | ကောင်း |
| ၇ | မိန်းမကြီးအဖွဲ့ | ၂ | - | ၁၀ | ၁၀ | ချက်ရေးပြုတ်ရေး | ကောင်း |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၄) ကောင်း – လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁–၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၅) သင့် – လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁–၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၆) ညံ့ (အားနည်း) – ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်း

ထားရှိခြင်း။

**လေ့လာတွေ့ရှိချက်။** ကံမော်ကြီးကျေးရွာတွင် ကျေးရွာတွင်း အဖွဲ့အစည်းများမှာ အုပ်ချုပ်ရေး၊ အရန်မီးသတ်၊ ပြည်သူ့စစ်၊မာဂလုလင်၊နာရေးကူညီမှု၊ဂေါပက၊ကာလသား/သမီး၊ကျောင်းကော်မတီ၊ မိဘဆရာအသင်း၊ အိမ်ထောင်ငယ်၊မိန်းမကြီးအဖွဲ့များစွာရှိပါသည်။ ၄င်းအဖွဲ့အစည်းများတွင် ကျေးရွာသူ/သားများသည် စည်းလုံးညီညွတ်စွာပါဝင်ကြပြီး အဖွဲ့အစည်းအသီးသီး၏ လုပ်ငန်း တာဝန်များကိုလည်း တက်ညီလက်ညီနှင့်လုပ်ကိုင်ကြပါသည်။အဖွဲ့လိုက်၏ လုပ်ဆောင်ချက်စွမ်းဆောင်ရည်များမှာလည်း ကောင်းမွန်မှုရှိသည်ကို တွေ့ရှိရပါသည်။ ထိုအဖွဲ့အစည်းများရှိသောကြောင့် ကျေးရွာ၏အုပ်ချုပ်ရေး၊ သာရေးနာရေး၊ ဘာသာရေး၊ လုံခြုံရေး၊ ချက်ရေးပြုတ်ရေး၊ ပရဟိတလုပ်ငန်း များ၊ စာသင်ကျောင်းလိုအပ်ချက်များ၊ ဘုန်းကြီးကျောင်း စသောကိစ္စများအတွက် ဆောင်ရွက်မှုများ ရှိသည်ကို တွေ့ရှိရပါသည်။

## (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | ERLIP | ၂ | ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြင့်တင်ရေး (၂၀၁၅-၂၀၁၆) |
| ၂ | UNICEF | ၄ | ခြင်ထောင်လှူ (၂၀၁၃-၁၄),(၂၀၁၆-၁၇) |
| ၃ | သမ | ၄ | ချေးငွေလုပ်ငန်း |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ – UK Aid, GIZ စသည့်
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**လေ့လာတွေ့ရှိချက်။** ။ ကံမော်ကြီးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ပြင်ပမှ ရောက်ရှိလာသော အဖွဲ့အစည်းများအဖြစ် ERLIPနှင့် ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့ များသာရှိသည်။ ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့မှ ငှက်ဖျားရောဂါ ကာကွယ်ဆေးပေးခြင်းနှင့် ခြင်ထောင်များ ပေးဝေခြင်း လုပ်ငန်းများအား လုပ်ဆောင်ကြသည်။ ERLIP အဖွဲ့အစည်းမှ ကျေးရွာဖွံ့ဖြိုးရေးအတွက် အခြေခံလိုအပ်ချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းနှင့်ကျေးရွာ၏ ဆင်းရဲသား လူတန်းစားများအား

အဓိကဦးတည်၍အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများကိုဆောင်ရွက်ပေးပါသည်။

### (၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (၂.၂.၁) သီးနှံထုတ်လုပ်ရေး

### (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၅၄ | ၇၃.၃ | မြေယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၄ | ၁.၉ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧက ထိ | ၁၅ | ၇.၀ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက အောက် | ၂၂ | ၁၀.၃ | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ ဧက အထက် | ၁၈ | ၈.၅ | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၂၁၃** | **၁၀၀** | - |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ကံမော်ကြီးကျေးရွာတွင် စိုက်ပျိုးမြေ(၁၂.၅)ဧကအထက် ပိုင်ဆိုင်သော အိမ်ထောင်စုများကို တောင်သူကြီးဟု သတ်မှတ်ပြီး၊ စိုက်ပျိုးမြေ(၅-၁၂.၅)ဧကအောက် ပိုင်ဆိုင်ပါက အလယ်အလတ် တောင်သူဟု သတ်မှတ်ပြီး၊ စိုက်ပျိုးမြေ(၂.၅-၅)ဧကအထိ ပိုင်ဆိုင်ပါက တောင်သူငယ်ဟု သတ်မှတ်ပြီး၊ စိုက်ပျိုးမြေ(၂.၅) ဧကအောက် ပိုင်ဆိုင်ပါက ဆင်းရဲသားတောင်သူဟု သတ်မှတ်ပြီး၊ မြေယာမဲ့ အိမ်ထောင်စုများသဖြင့် လက်လုပ်လက်စားကျပန်း အလုပ်သမားများနှင့်ရေလုပ်ငန်းများ လုပ်ကိုင်ကြသည်ကို တွေ့ရှိရပါသည်။ ကျေးရွာရှိ အိမ်ထောင်စု(၂၁၃) စုမှ မြေယာမဲ့အိမ်ထောင်စု (၁၅၄) စု ရှိသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် ကျေးရွာတွင် စိုက်ပျိုးမြေ အသင့်အတင့်ရှိသည့်အပြင် သီးနှံထုတ်လုပ်မှု အသင့်အတင့်ရှိကြောင်း တွေ့ရှိရပါသည်။ ဥယျာဉ်ခြံ လုပ်ငန်းများကို သက်ကြီးသော အိမ်ထောင်စုများသာ လုပ်ကိုင်ကြပါသည်။

### (၂.၂.၁.၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | - | - | - |
| ၂ | ရေလွှဲဆည် | - | - | - |
| ၃ | မြစ်ရေတင်စီမံကိန်း | - | - | - |
| ၄ | ရေသွင်းမြောင်း | - | - | - |
| ၅ | အဝီစိတွင်း | (၂) | တနှစ်ပတ်လုံး | ရှိ |

| စဉ် | အရင်းအမြစ် | ရေသောက်ဇက | ရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၆ | လက်ငင် ရေတွင်း | (၆) | တနှစ်ပတ်လုံး | ရှိ |
| ၇ | စိမ့်စမ်းရေ | - | - | - |
| ၈ | ချောင်းရေ | - | - | - |
| ၉ | အခြား | - | - | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကံမော်ကြီးကျေးရွာတွင် ရေအရင်းအမြစ်အနေဖြင့် တွင်းရေနှင့် အဝီစိရေများကို တစ်နှစ်ပတ်လုံး သုံးစွဲရရှိနိုင်ပြီး ဥယျာဉ်ခြံများတွင် ရေသွင်းသော ကေမှာ(၈၂၉)ခန့် ရေသွင်းနိုင်ရန်အတွက် ဥယျာဉ်ခြံများတွင် ကိုယ်ပိုင်လက်တူးတွင်းများ ရှိကြောင်း တွေ့ရှိရပါသည်။ ၄င်းကျေးရွာရှိ ဥယျာဉ်ခြံ အများစုမှာ စိုက်ပျိုးရေအတွက် မိုးရေကိုသာ အဓိက အသုံးပြုကြသည်။ ကျေးရွာတွင် တွင်းရေနှင့် အဝီစိရေ အလုံအလောက်ရှိသည်ကို တွေ့ရှိရသည်။

### (၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံ စိုက်ပျိုးသည့် ကာလ | | သွင်းအားစု လိုအပ်ချက် (နည်း/လတ်/ များ) | အမြတ် ရရှိနိုင်မှု (နည်း/လတ်/ များ) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| ကွမ်းသီး | ၈၉ | ပိဿာ | ၁၀၀ | ၂၀၀ | ၁၅၀ | ၆လ | ၉လ | လတ် | များ | |
| ရာဘာ | | ပိဿာ | ၃၀ | ၅၀ | ၄၀ | ၆လ | ၇လ | များ | များ | |
| သီဟို | | ပိဿာ | ၃၀ | ၅၀ | ၄၀ | ၆လ | ၉လ | လတ် | လတ် | |
| အုန်း | | လုံး | ၃၀၀ | ၅၀၀ | ၄၀၀ | ၆လ | ၉လ | နည်း | များ | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကံမော်ကြီးကျေးရွာတွင် ကွမ်းသီးကို ဥယျာဉ်ခြံစိုက်ပျိုးမြေအများစုတွင် အဓိက စိုက်ပျိုးပြီး အခြားသီးနှံများဖြစ်သော အုန်း၊ သီဟို၊ ရာဘာစသော သီးနှံများကိုလည်း စီးပွားဖြစ် ရောင်းချကြသည်ကို တွေ့ရှိရသည်။ ကွမ်းပင်စိုက်ပျိုးရာတွင် သွင်းအားစု အလယ်အလတ်ရှိသော်လည်း အမြတ်ရရှိမှုများပါသည်။ ဈေးကွက်ကောင်းမွန်သော မြို့တွင် သွားရောက်တင်ပို့ ရောင်းချကြပါသည်။ ရာဘာစိုက်ပျိုးခြင်းသည် နှစ်ကာလကြာ လာသည်နှင့်အမျှ အမြတ်ရရှိနိုင်မှုနှုန်း များလာသည်ကို တွေ့ရှိရသည်။ အုန်းသီးကို ကျေးရွာတွင် တစ်လုံး(၄၀၀)ကျပ်ဖြင့် ရောင်းချမှုများ ရှိပါသည်။ ကွမ်းသီးနှင့် သီဟိုဋ်စေ့များကို ကျေးရွာတွင် ဝယ်သော

အဝယ်ဒိုင်များတွင်ရောင်းချပြီးများသောအခါတွင်ကောသောင်းမြို့နှင့် မြိတ်မြို့သို့ တင်ပို့ ရောင်းချကြပါသည်။

### (၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်း ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|
| ထွန်စက် | | - | - |
| လက်တွန်းထွန်စက် | - | - | - |
| အစေ့ချ ကိရိယာ | - | - | - |
| ရိတ်သိမ်း ခြွေလှေ့စက် | - | - | - |
| ရိတ်သိမ်းစက် | - | - | - |
| ခြွေလှေ့စက် | - | - | - |
| ရေစုပ်စက် | ၉ | - | သီးနှံများကို ရေသွင်းစိုက်ပျိုးခြင်း |
| ခြေနင်းရေတင်စက် | ၂ | - | - |
| မြက်ရိတ်စက် | ၃၃ | - | မြေနေရာရှင်းလင်းခြင်း |
| အခြား | - | - | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကံမော်ကြီးကျေးရွာတွင် ဥယျာဉ်လုပ်ငန်း လုပ်ကိုင်သော အိမ်ထောင်စုများမှာ လုပ်ငန်းသုံး ပစ္စည်းများအဖြစ် မြက်ရိတ်စက်များကို အသုံးပြုကြပြီး အချို့မှာ ခေးသုံး၍ လုပ်အားဖြင့် လုပ်ကိုင်ကြသူများလည်း ရှိပါသည်။ မြက်ရိတ်စက်များကို ထိုင်းတွင် ဈေးနှုန်းချိုသာသောကြောင့် ဝယ်ယူသုံးစွဲကြပါသည်။ ဥယျာဉ်ခြံတွင် ရေသွင်းရန် တွင်းမှ ရေများကို ရေစုပ်စက်ဖြင့် စုပ်ယူသဖြင့် ရေစုပ်သုံးစွဲသော အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ ဥယျာဉ်ခြံလုပ်ငန်းကို စိတ်ဝင်စားသူ ရှိသော်လည်း စိုက်ပျိုးရန်စိုက်ပျိုးမြေများ မရှိသည်ကိုတွေ့ရှိရပါသည်။

### (၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီသြဇာ) | စိုက်ပျိုးရန်မြေနေရာ မရှိတော့ပါ။ |
| ရေရင်းမြစ် | ဥယျာဉ်ခြံများတွင် လက်တူးတွင်းများနှင့် မိုးရေများကိုအသုံးပြုပါသည်။ |
| သွင်းအားစုဈေးကွက် | မြက်သတ်ဆေး၊ မြေသြဇာ၊ မျိုးကောင်းမျိုးသန့်များကို ကော့သောင်းမြို့တွင် ရရှိနိုင်ပါသည်။ |

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှု | ကျေးရွာ တွင်အဝယ်ဒိုင်များထံတွင်ရောင်း ချပါသည်။ |
| ချေးငွေနှင့်ငွေကြေး ဝန်ဆောင်မှု | ချေးငွေအနေဖြင့် ကျေးရွာမှ လစဉ်ထည့်ဝင်ထားသော ငွေကြေးများကို ကျေးရွာလူထုအား အတိုးဖြင့် ပြန်လည်ချေးငွေများ ထုတ်ချေးပါသည်။ |
| နည်းပညာအုပ်ချုပ်ရေး ပိုင်းဆိုင်ရာဝန်ဆောင်မှု များ | နည်းပညာသင်တန်း ပေးခြင်းမရှိ/ကျေးရွာလူထု တစ်ဦးတစ်ယောက်မှ မြို့ပေါ်သို့ သွား၍ စိုက်ပျိုးရေးနည်းပညာများကို လေ့လာပြီး ကျေးရွာတွင် အချင်းချင်း နည်းပညာများ ဖလှယ်ပြီး စိုက်ပျိုးကြသည်။ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရ ဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကံမော်ကြီးကျေးရွာတွင် မြေလွတ်မြေရိုင်းများနှင့် ချဲတွင်းစရာမြေများမ ရှိတော့ပါ။ စိုက်ပျိုးရေအတွက် တွင်းရေနှင့် မိုးရေကို အဓိကအသုံးပြု၍ စိုက်ပျိုးကြပြီး တစ်နှစ်ပတ်လုံး အတွက် လုံလောက်မှုရှိပါသည်။ စိုက်ပျိုးရေးတွင် မြက်သတ်ဆေး၊ ကွမ်းသီးပင် များအတွက် မြေသြဇာ ကျွေးခြင်းများ ထည့်သွင်းကြပြီး စိုက်ပျိုးရေးအတွက် မျိုးကောင်းမျိုးသန့်များကို ကျေးရွာ၏ အနီးအနား တွင် ရရှိနိုင်သည်။ မြက်သတ်ဆေးနှင့်ဓာတုမြေသြဇာများ အသုံးပြုခြင်းထက် ပိုမိုကောင်းမွန်သော အခြား နည်းပညာများကို အသုံးပြုခြင်းဖြင့် မြေဆီလွှာ ပျက်စီးမှုအန္တရာယ်မှ ကြိုတင်ကာကွယ် နိုင်မည်ဖြစ်ပါ သည်။ စိုက်ပျိုးရေးမှ ထွက်ရှိသော ထွက်ကုန်များကို ကျေးရွာ အဝယ်ဒိုင်များ တွင်ရောင်းချကြသည်။ အတိုးနှုန်းသက်သာသော ပြင်ပအဖွဲ့အစည်းများရှိသော်လည်း ချိတ်ဆက်ဆောင်ရွက်မှုမရှိပါ။ ချေးငွေ ဝန်ဆောင်မှုလုပ်ငန်းမှာ တပိုင်တနိုင်စိုက်ပျိုး ကြသဖြင့်ချေးငွေ ထုတ်ချေး ပြီးလုပ်ကိုင်ခြင်းမရှိပါ။ သီးနှံပေါ်ချိန်နှင့် နီးကပ်လျှင် ချေးငွေလုံလောက်စွာ ရရှိနိုင်သော်လည်း ကျန်သည့်အချိန်များတွင် လုံလောက်စွာမရရှိဘဲ အနည်းငယ်သာ ရရှိပါသည်။ စိုက်ပျိုးရေးအတွက် နည်းပညာပေးအပ်ခြင်း ဝန်ဆောင်မှုများမရှိသောကြောင့် အချင်းချင်း နည်းပညာများ ဖလှယ်ကာ စိုက်ပျိုးကြသဖြင့် စိုက်ပျိုး ထုတ်လုပ်မှု တိုးတတ်စေရန်အတွက် စိုက်ပျိုးရေး နည်းပညာများ ပေးအပ်ရန် လိုအပ်နေသည်များကို တွေ့ရှိရပါသည်။

### (၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေတိုးချဲ့နိုင်မှု | စိုက်ပျိုးရန်မြေနေရာ မရှိပါ။ |
| မြေဆီသြဇာ အခြေအနေ | နှစ်ကြာစိုက်ပျိုးလာသောကြောင့်မြေဆီသြဇာအနည်းငယ်ညံ့လာပါသည်။ |
| ငွေကြေးအရင်းအနှီး ရရှိနိုင်မှု | ပြင်ပအဖွဲ့အစည်းများ ရှိသော်လည်းလုံလောက်ခြင်းမရှိပါ ၊လုံလောက်စွာ ထောက်ပံ့နိုင်သောအဖွဲ့အစည်းများ ချိတ်ဆက် ဆောင်ရွက် ရန်လို အပ် ပါသည်။ |
| စိုက်ပျိုးရေး သွင်းအားစုများ | ထိုင်းနှင့် ကော့သောင်း သို့သွားရောက် ဝယ်ယူကြခြင်း၊ ကြိုတင် |

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| အချိန်မီ ရရှိအသုံးချနိုင်မှု | ဝယ်ယူထားခြင်းများကြောင့် အချိန်မီအသုံးပြုနိုင်ပါသည်။ |
| လုပ်သားရှားပါးမှု (ကျွမ်းကျင် သူ/ မကျွမ်းကျင်သူ) | ပင်လယ်ရွာဖြစ်သောကြောင့် လုပ်သားအင်အား ပေါ်များပါသည်။ ငါးဖမ်းလှေလိုက်သူ များစွာရှိပါသည်။ |
| ဖျက်ပိုးနှင့် ရောဂါ | ၂၀၁၆ခုနှစ်တွင် အယ်နီညိုကြောင့် သစ်ပင်များ ပျက်စီးကြပါသည်။ |
| ဈေးကွက် လက်လှမ်းမီမှု | ရွာတွင်ဝယ်ယူသူများထံတွင်သာရောင်းချရပါသည်၊ကြိုတင်ငွေကြောင့် ဈေးနှိမ့်ခံရသည်၊ ဈေးကွက်လက်လှမ်းမှီမှုမရှိပါသည်။ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | စိုက်ပျိုးရေးအတွက် နည်းစနစ်ကျသော နည်းပညာ အကူအညီများ မရသလို ချိတ်ဆက်မှုများလည်းမရှိပါ။ နည်းပညာ ပေးအပ်ရန် လိုအပ် နေပါသည်။ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ကံမော်ကြီးကျေးရွာတွင် စိုက်ပျိုးရေထက် ရေလုပ်ငန်းကိုသာ အဓိက စိတ်ဝင်စားကြပါသည် အဘယ်ကြောင့်ဆိုသော် ဥယျာဉ်ခြံလုပ်ငန်းမှာအရင်းအနှီးများစွာလိုအပ်ခြင်း၊ ဝင်ငွေကြန့်ကြာခြင်းကြောင့် စိတ်ဝင်စားမှုမရှိပါ။ ရေလုပ်ငန်းမှာ တစ်နေ့အတွက် လုပ်အားခကို ပုံမှန်ရရှိသောကြောင့် ရေလုပ်ငန်းကို ဦးစားပေးလုပ်ဆောင်သည်ကို တွေ့ရပါသည်။ သို့သော်အနည်းစုမှာ ဥယျာဉ်ခြံလုပ်ငန်းကို လုပ်ကိုင်ကြသဖြင့် စိုက်ပျိုးရေး နည်းပညာများ လိုအပ်သည်ကို တွေ့ရှိရပါသည်။ ကျေးရွာအတွင်းတွင် ချေးငွေထုတ်ချေးထားသော အဖွဲ့ရှိပြီး ပြင်ပအဖွဲ့အစည်းများရှိသော်လည်း ချေးငွေများကို လက်ခံမှုမရှိပါ။ သို့သော်အတိုးနှုန်းသက်သာသော ပြင်ပအဖွဲ့အစည်းများချေးငွေ ထုတ်ချေးရန် ချိတ်ဆက်ဆောင်ရွက်မှုများ ရှိပါက ရွာသားများနေဖြင့် ထုတ်ချေးရန် လိုအပ်မှုများရှိပါသည်။ စိုက်ပျိုးရေးအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများကို ထိုင်းနှင့်ကော့သောင်းတို့တွင် သွားရောက်ဝယ်ယူခြင်းနှင့်ကြိုတင် ဝယ်ယူခြင်းများ ရှိသည်ကို တွေ့ရှိရပါသည်။ စိုက်ပျိုးရေး ထုတ်ကုန်များကို မြိတ်မြို့သို့ အဓိက တင်ပို့ ရောင်းချကြပြီး ရေလုပ်ငန်း ထုတ်ကုန်များကို ထိုင်းနိုင်ငံသို့ အဓိက တိုက်ရိုက်တင်ပို့ ရောင်းချကြပါသည်။ စိုက်ပျိုးရေးတွင် ၂၀၁၆ခုနှစ်က အယ်လ်နီညို ရာသီဥတုကြောင့် သစ်ပင်များ ပျက်စီးဆုံးရှုံးမှုရှိသဖြင့် ကြိုတင်ကာကွယ်ရန် နည်းပညာများလိုအပ်ပါသည်။ပင်လယ် ကျေးရွာ ဖြစ်သောကြောင့် လုပ်သားအင်အား ပေါ်များပါသည်။ သို့သော် ငါးဖမ်းလှေလိုက်သူ ရှိသည်ကို တွေ့ရှိရပါသည်။

### (၂.၂.၂) မွေးမြူရေးလုပ်ငန်း

### (၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| နွား | ၁ | ၂၀ | |
| နို့စားနွား | - | - | |
| မြင်း | - | - | |
| ကျွဲ | ၂ | ၅ | |
| မြည်း | - | - | |
| လား | - | - | |
| ဆိတ် | ၃ | ၂၅ | တနိုင်တပိုင် မွေးမြူခြင်း |
| သိုး | | - | |
| ဝက် | ၁၉ | ၃၃ | တနိုင်တပိုင် မွေးမြူခြင်း၊ စီးပွားဖြင့်မွေးမြူသူတစ်ဦး |
| ကြက် | ၂၃ | ၂၆၉ | တနိုင်တပိုင် မွေးမြူခြင်း |
| ဘဲ | ၅ | ၁၆ | တနိုင်တပိုင် မွေးမြူခြင်း |
| ဆိတ် | | | |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | ၁ | ၂ | မွေးမြူရန် စိတ်ဝင်စားသော်လည်း ငွေကြေးအရင်းအနှီး မလုံလောက်ပါ။ |
| ပုဇွန်ကန် | - | - | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | - | - | |
| ကမ်းနီး ငါးဖမ်းလုပ်ငန်း | | - | ကိုယ်ပိုင်နှင့် အငှားလိုက် |
| | | | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကံမော်ကြီးကျေးရွာတွင် အရင်က ဝက်များကို စီးပွားဖြစ်မွေးမြူကြပြီး ရောင်းဈေးနည်းသောကြောင့် အခုချိန်တွင် မွေးမြူသူ အနည်းငယ်သာ ရှိပါသည်။ စားသုံးရန်အတွက် ကြက်၊ ဘဲများ မွေးမြူကြပါသည်။ ကျွဲ၊ ဆိတ်များကို တနိုင်တပိုင် မွေးမြူသူများလည်းရှိပါသည်။ ထို့ပြင် မွေးမြူရန် မြေနေရာရှိသောကြောင့် မွေးမြူရေးနှင့် သက်ဆိုင်သော သင်တန်းများနှင့် ငွေကြေးအရင်းအနှီးများကို ထောက်ပံ့ပေးပါက ကျေးရွာလူထုအတွက် ပိုမိုအသုံးဝင်နိုင်ပါသည်။ ငါးကန်လုပ်ရန် စိတ်ဝင်စားမှု ရှိသော်လည်း ငွေကြေးအရင်းအနှီး မလုံလောက်သဖြင့် လုပ်ကိုင်မှု မရှိပါ။ ငါးဖမ်းလုပ်ငန်းများကို အိမ်ထောင်စု အများစုမှာ ကိုယ်ပိုင်လုပ်ကိုင်ကြပြီး အနည်းစုမှာ အငှားလိုက်ကြပါသည်။

### (၂.၂.၂.၂) သားငါးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) သားငါးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | မရှိ။ဥ ယျဉ်ခြံများလုပ်ကိုင်ခြင်းကြောင့်ဆိတ်၊ကျွဲ၊နွားမမွေးမြူးနိုင်ပါ။ |
| ရေရရှိမှု | တွင်းရေနှင့် အဝီစိတွင်းရေများကို တစ်နှစ်ပတ်လုံး သုံးစွဲနိုင်ပါသည်။ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | ကျေးရွာအတွင်းနှင့်ပိုကောင်းကုပ္မဏီတို့တွင်လက်လှမ်းမှီနိုင်ပါသည်။ |
| ချေးငွေ | တပိုင်တနိုင်မွေးမြူးသူများသဖြင့်ချေးငှားပြီးမွေးမြူးမှုမရှိပါ။ |
| သွင်းအားစု ဈေးကွက် | တိရစ္ဆာန် အစားအစာများကို ကျေးရွာတွင်ထွက်ရှိသောပိန်ပင်၊ ဝက်စားဆန်၊အစားအကျွင်းအကျန်များ ။ |
| နည်းပညာ ဝန်ဆောင်မှု | မွေးမြူရေးနည်းပညာများ ပို့ချမှုများမရှိသော်လည်း ကျေးရွာလူထု အချင်းချင်း မွေးမြူရေးနည်းပညာ ဖလှယ်ကြပါသည်။ |
| ထုတ်ကုန် ရောင်းဝယ်မှု | ကျေးရွာအဝယ်ဒိုင်များနှင့်အနီးအနားကျေးရွာများတွင် ရောင်းချရပါသည်။ |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | မွေးမြူရန် မြေနေရာ လုံလောက်စွာရှိပါသည်။ |
| အခြား | - |
| **ငါးလုပ်ငန်း** | |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | ပင်လယ်ရွာဖြစ်သောကြောင့် ငါးလုပ်ငန်းကို အဓိက လုပ်ကိုင်သဖြင့် ကမ်းနီးကမ်းဝေး ငါးဖမ်းကြပါသည်။ခြံမြေရှိသူများမှာ ကန်ပြုလုပ်၍ ငါးခူများမွေးမြူနိုင်။ |
| ချေးငွေ | ငါးဖမ်းလုပ်ငန်းအတွက် လုပ်ငန်းရှင်များမှ ငွေထုတ်ပေးပြီး ရောင်းပြီးမှ ငွေများကို ပြန်လည်ပေးဆပ်ရပါသည်။ |
| သွင်းအားစု လက်လှမ်းမီမှု | ရေလုပ်ငန်းအတွက်လိုအပ်သော ပစ္စည်းများကို ကော့သောင်းမြို့များတွင် အချိန်မီ မှာယူနိုင်ပါသည်။ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | ရေလုပ်ငန်းအတွက် နည်းပညာများ လိုအပ်မှု မရှိပါ။ ပင်လယ်ရွာဖြစ်သောကြောင့် စဉ်ဆက်လုပ်ကိုင်ကြသဖြင့် ကျွမ်းကျင်မှုရှိပါသည်။ ငါးမွေးမြူး ရေနည်းကို ကော့သောင်းတွင်လေ့လာပြီးလုပ်ကိုင်။ |
| ထုတ်ကုန် ရောင်းဝယ်မှု | ရေလုပ်ငန်းထွက်ပစ္စည်းများကို ထိုင်းနိုင်ငံများသို့ တင်ပို့ ရောင်းချကြပါသည်။ငါးမွေးမြူးမှာရရှိသော ငါးခူးများကို ပိုကောင်းကုမ္ပဏီနှင့်စစ်တပ်တို့တွင်ရောင်းချရရှိပါသည်။ |
| အခြား | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကံမော်ကြီးကျေးရွာသည် ပင်လယ်ကျေးရွာ ဖြစ်သောကြောင့် ရေလုပ်ငန်းကို အဓိက လုပ်ကိုင်သော်လည်း မွေးမြူရေးလုပ်ငန်းကို တနိုင်တပိုင် လုပ်ကိုင်ကြပါသည်။ မွေးမြူးရေးကို အလတ်အိမ်ထောင်စုများသာ တပိုင်တနိုင် မွေးမြူပြီး ဆင်းရဲသောအိမ်ထောင်စုများ မွေးမြူးသည်ကို မတွေ့ရပါ။ တိရစ္ဆာန်များ မွေးမြူရန် မြေနေရာရှိခြင်း၊ ကျေးရွာများတွင်းနှင့်ပိုကောင်းကုမ္ပဏီတို့တွင် မျိုးကောင်းများရရှိခြင်း၊တိရစ္ဆာန်အတွက် အစားအစာများကို ကျေးရွာတွင်ထွက်ရှိသော ပိန်းပင်၊ ဝက်စားဆန်၊ အစားအကျွင်းအကျန်များမှာရှိပါသည်။ ကမ်းနီးကမ်းဝေး ငါးဖမ်းခြင်း လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ရေလုပ်ငန်းအတွက် လိုအပ်သောပစ္စည်းများ ဝယ်ယူရန် လုပ်ငန်းရှင် ထံမှ ငွေများ ထုတ်ယူပြီး ထွက်ကုန်များကို ရောင်းချပြီးမှ ပြန်လည်ပေးဆပ်ကြပါသည်။ လိုအပ်သော ပစ္စည်းများကိုကော့သောင်းနှင့် ရနောင်မြို့များတွင် သွားရောက်ဝယ်ယူခြင်းနှင့် ကြိုတင်မှာယူခြင်းများ ဝယ်ယူကြပါသည်။ ထွက်ရှိလာသော ကုန်ကြမ်းပစ္စည်းများကို ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချကြပါသည်။

## (၂.၂.၂.၃) သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေ ရရှိနိုင်မှု | မွေးမြူရေးအတွက် သီးသန့် ချေးငွေ ထုတ်ချေးမှု မရှိပါ။ |
| ကူးစက်ရောဂါဖြစ်ပွားမှု | ရောဂါကျရောက်မှု နည်း ၊ကြက်နာရောဂါကို တစ်နှစ် တစ်ကြိမ် ကျရောက်ပါသည်။ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | နည်းပညာများမရှိသဖြင့် နည်းပညာများလိုအပ်ပါသည်။ |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု | တစ်နိုင်တစ်ပိုင်မွေးမြူသူများဖြစ်သောကြောင့် လိုင်စင်ဖြင့် မွေးမြူသူများမရှိပါ။ |
| အခြား | – |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | ငါးဖမ်းလိုင်စင်များကို ကျေးရွာတွင် လာရောက်ပြုလုပ်ပေး ပါသည်။ |
| ချေးငွေ ရရှိနိုင်မှု | ရေလုပ်ငန်းအတွက် ချေးငွေများကို လုပ်ငန်းရှင်ထံတွင် ထုတ်ယူရပါသည်။ |
| ထုန်ကုန်များ ရောင်းချနိုင်မှု | ကော့သောင်းနှင့် ရနောင်တို့တွင် ရောင်းချနိုင်ပါသည်။ |
| အခြား | – |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကံမော်ကြီးကျေးရွာတွင် မွေးမြူရေးကို တနိုင်တပိုင် လုပ်ကိုင်ကြသော်လည်း စီးပွားဖြစ် မွေးမြူရန် ချေးငွေနှင့် နည်းပညာသင်တန်းများ ထောက်ပံ့ရန်လိုအပ်ပါသည်။ ပင်လယ်ရွာဖြစ်သောကြောင့် ရေလုပ်ငန်းကို အဓိကလုပ်ကိုင်ကြသောကြောင့် ငါးဦးစီးဌာနမှ ငါးဖမ်းလိုင်စင်များကို ကျေးရွာသို့ လာရောက်၍ ပြုလုပ်ပေးပါသည်။ ကမ်းနီးကမ်းဝေး ငါးဖမ်းမှုများ ကန့်သတ်ထားပါသည်။ ရေလုပ်ငန်း အတွက် လိုအပ်သော ချေးငွေများကို လုပ်ငန်းရှင်မှ ထုတ်ပေးပြီး ရရှိလာသော ပစ္စည်းများ ကို ပြန်လည် ရောင်းချ ရပြီးဈေး အနည်းငယ်နိမ့်ချပြီး ဝယ်ယူသည်ကိုတွေ့ရှိရပါသည်။

## (၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

### (၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် အခွင့်အလမ်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| လုပ်သားအင်အားပေါများခြင်း | လုပ်သားအင်အားပေါများပြီး လက်ရှိတွင် အလုပ်လုပ်ကိုင်သူ များပြားပါသည်။ ကျွမ်းကျင်သူ နည်းပါးပါသည်။ |
| ဈေးကွက်လက်လှမ်းမှီခြင်း | ကျေးရွာတွင်းသာမက အခြားနေရာများကို တင်ပို့ရောင်းချ ကြပါသည်။ |
| လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း | ကော့သောင်းသို့သွားရောက်နိုင်၊ငွေကြေးအခက်ခဲမရှိလျှင် လိုချင်တာမှာယူနိုင်သည်။ |
| အသက်မွေးဗမ်းကျောင်းနည်းပညာ ဝန်ဆောင်မှုရရှိနိုင်ခြင်း | ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းသင်တန်းများ မရရှိဖူးပါ။ |
| ကုန်ကြမ်းပေါများခြင်း | ဥယျာဉ်ခြံနှင့် ရေလုပ်ငန်းထွက်ပစ္စည်းများ ထွက်ရှိပါသည်။ |
| လျှပ်စစ်မီးရရှိနိုင်ခြင်း | ကိုယ်ပိုင်လျှပ်စစ်မီးမှ ကျေးရွာအိမ်များကို မီးပေးပါသည်။ |
| အခြား | - |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကံမော်ကြီးကျေးရွာသည် ပင်လယ်ကျေးရွာဖြစ်သောကြောင့် လုပ်သားအင်အား ပေါများသော်လည်း ကျွမ်းကျင်သူ နည်းပါးပါသည်။ ကျေးရွာတွင် စက်မှုလက်မှု လုပ်ငန်းများနှင့် စက်ချုပ်ခြင်း၊ ဈေးရောင်းသော လုပ်ငန်းများကို လုပ်ကိုင်သူများရှိပါသည်။ စက်မှုလက်မှု လုပ်ငန်းနှင့် စက်ချုပ်လုပ်ငန်းများတွင် ကျေးရွာလူထုမှ လာရောက်အပ်နှံကြသဖြင့် ဈေးကွက် ရှိပါသည်။ ပင်လယ်ရွာ ဖြစ်သောကြောင့် မိုးရာသီတွင် သွားလာရ အန္တရာယ်ရှိပါသည်။ ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းနှင့် သက်ဆိုင်သော သင်တန်းများကို သက်ဆိုင်ရာဌာနများမှ လာရောက်ပို့ချမှု မရှိသော်လည်း ကျေးရွာမှာ မြို့များတွင် သွားရောက်သင်ယူကြရပါသည်။ ဥယျာဉ်ခြံမှ ထွက်ရှိသော ကွမ်းသီး၊ သီဟိုစေ့၊ အုန်းသီးများနှင့် ရေလုပ်ငန်းမှ ထွက်ရှိသော ငါး၊ ပုဇွန်၊ ကင်းမွန်၊ ကဏန်းများကို ကော့သောင်းနှင့် ရနောင်မြို့များသို့ တင်ပို့ရောင်းချကြပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးပေးသော အိမ်ထောင်စု အနည်းငယ် ရှိသဖြင့် ကျေးရွာရှိအိမ်ထောင်စုများကိုသုံးစွဲသည် မီးပွင့်အရည်အတွက် တိုင်ပေးဆောင်

ရသည် ကိုတွေ့ရှိ ရပါသည်။

### (၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် ပြဿနာနှင့် အခက်အခဲများ

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| အသက်မွေးဗမ်းကျောင်း နည်းပညာဂန်ဆောင်မှုရရှိမှု အားနည်းခြင်း | ဌာနဆိုင်ရာများမှ အသက်မွေးဝမ်းကျောင်းသင်တန်းများ ပို့ချမှု မရှိသဖြင့် မြို့များတွင် သွားရောက်သင်ယူကြပါသည်။ |
| အရင်းအနှီး မလုံလောက်ခြင်း | အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ဆောင်ရန် ချေးငွေ အဖွဲ့အစည်းများ မရှိပါ။ |
| အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်း | ဥယျာဉ်ခြံ၊ ရေလုပ်ငန်း၊ စက်မှုလက်မှု၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ပါသည်။ |
| ပညာတတ်မြောက်မှု နည်းပါးခြင်း | လက်ရှိအလယ်တန်းကျောင်းမှာ (၈)တန်းအထိရှိသောကြောင့် ကျောင်းတက်သူများပြားပြီး ပညာတတ်အသင့်အတင့်ရှိပါသည်။ |
| လျှပ်စစ်မီး မရရှိခြင်း | သုံးစွဲသည် မီးပွင့်အရည်အတွက်တိုင်ပေးဆောင်ရ |
| လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း | မူလတန်းလွန်ကျောင်းသာရှိသောကြောင့်ငွေအင်အားမတက်နိုင်သေ ာအိမ်ထောင်စုများမှာဆက်လက်မတက်ရောက်နိုင်ပါ။ |
| ဈေးကွက်ဆိုင်ရာအသိရှိမှု နည်းပါးခြင်း | ကျေးရွာအတွင်းဈေးကွက်ကိုသာရှိပြီး၊ကျေးရွာနှင့်အလှမ်းဝေးသော မြို့များကိုအဆက်သွယ်မရှိသဖြင့်ဈေးကွက်ဆိုင်ရာသိရှိမှုမရှိပါ။ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကံမော်ကြီးကျေးရွာတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် သင်တန်းများပို့ချမှု မရှိသောကြောင့် သက်ဆိုင်သော ဌာနဆိုင်ရာများမှ သင်တန်းများပို့ချပါက တက်ရောက်ရန် လူငယ်များရှိသည်ကို တွေ့ရှိရပါသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ဆောင်ပါက အရင်းအနှီးများ မရှိသောကြောင့် ချေးငွေထုတ်ချေးသော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန် လိုအပ်ပါသည်။ ကျေးရွာတွင် လက်ရှိမူလတန်းလွန် ကျောင်းမှာ (၈)တန်း အထိရှိသောကြောင့် ဘွဲ့ရ ပညာတတ် ရှိသည်ကို တွေ့ရှိရပါသည်။ ကျေးရွာမီးလင်းရေးအတွက် ကျေးရွာမှ ကျေးရွာရှိအိမ်ထောင်စုများကိုသုံးစွဲသည် မီးပွင့် အရည်အတွက် တိုင်ပေးဆောင်ရသည်ကို တွေ့ရှိရပါသည်။ ကံမော်ကြီးကျေးရွာရှိ ဥယျာဉ်ခြံ လုပ်ငန်းများမှ ထွက်ရှိသော ပစ္စည်းများနှင့် ရေလုပ်ငန်းမှ အဓိက ထွက်ရှိသော ပစ္စည်းများကို ကျေးရွာအတွင်းရှိ အဝယ်ဒိုင်များတွင်သာ ရောင်းချသည်ကိုတွေ့ရှိပါသည်။

## (၂.၃) ရွှေ့ပြောင်းလုပ်သားများ

### (၂.၃.၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

| စဉ် | ပုံစံ | အိမ်ထောင်စု အရေအတွက် | ပြည်တွင်း | | | ပြည်ပ | | | လူဦးရေ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | ရွှေ့ပြောင်းလုပ်သားရှိသော အိမ်ထောင်စုနှင့် လူဦးရေ | ၁၈ | ၆ | ၅ | ၁၁ | ၁၁ | ၅ | ၁၆ | ၁၇ | ၁၀ | ၂၇ |
| ၂ | ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ | | | | | | | | | | |
| | ၃ လ အထိ | | ၂ | ၁ | ၃ | ၁ | ၁ | ၂ | ၃ | ၂ | ၅ |
| | ၆ လ အထိ | | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | ၁၂ လ အထိ | | ၁ | ၁ | ၂ | ၄ | ၀ | ၄ | ၅ | ၁ | ၆ |
| | ၁၂ လ အထက် | | ၃ | ၃ | ၆ | ၆ | ၄ | ၁၀ | ၉ | ၇ | ၁၆ |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကံမော်ကြီးကျေးရွာမှာ အခြားဒေသသို့ သွားရောက်လုပ်ကိုင်နေသော အိမ်ထောင်စု(၁၈)စု ရှိပါသည်။ လူဦးရေမှာ (၂၇)ဦးရှိပြီး ၁၂လအထက်တွင် သွားရောက်လုပ်ကိုင်သော လူဦးရေမှာ (၁၆)ဦးရှိပါသည်။ အခြားဒေသသို့ သွားရောက်လုပ်ကိုင်သော လူဦးရေများတွင် အမျိုးသားများသည် အမျိုးသမီးများထက် တဝက်နီးပါးရှိသည်ကို တွေ့ရှိရပါသည်။

### (၂.၃.၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

| စဉ် | အကြောင်းအရာ | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန် | ၁၈ |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | - |

| စဉ် | အကြောင်းအရာ | လူဦးရေ |
|---|---|---|
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | - |
| ၄ | အခြား | - |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကံမော်ကြီးကျေးရွာတွင် ရေလုပ်ငန်းကို အဓိကလုပ်ကိုင်သော်လည်း အချို့အိမ်ထောင်စုများရှိ မိသားစုဝင်များမှာ ကိုယ်ပိုင်လုပ်ငန်းမရှိသဖြင့် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံများတွင် သွားရောက်လုပ်ကိုင်ကြပါသည်။ ထို့ကြောင့် အခြားနိုင်ငံနှင့် အခြားမြို့များတွင် သွားရောက်လုပ်ကိုင်ကြပြီး အိမ်သို့ ငွေများကို ပြန်ပို့ပေးခြင်းတော့မရှိသေပါ။ အကယ်၍ ဆင်းရဲသော အိမ်ထောင်စုများအတွက် အသက်မွေးဝမ်းကျောင်းနှင့် သက်ဆိုင်သော သင်တန်းနှင့် ထောက်ပံ့မှုများ ရှိပါက ကျေးရွာအတွက် အထောက်အကူပြုနိုင်ပါသည်။

## (၂.၃.၃) ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | | | | |
|---|---|---|---|---|---|---|
| | | စုစုပေါင်း | % ကျေးရွာအတွင်းရှိ စုစုပေါင်းအိမ်ထောင်စု | မြင့် | လတ် | နိမ့် |
| ၁ | ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက် | - | - | - | - | - |
| ၂ | ပြန်ပို့ငွေ လမ်းကြောင်းများ | | | | | |
| | - ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) | - | - | - | - | - |
| | - ဘဏ် | - | - | - | - | - |
| | - လူကြုံ/ကိုယ်တိုင်ဖြင့်လွှဲပို့ခြင်း | - | - | - | - | - |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကံမော်ကြီးကျေးရွာတွင် ရွှေ့ပြောင်းလုပ်ကိုင်သူများမှာ ပြန်ပို့ငွေ

မရှိသေးပါ ။

## (၂.၄) ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ရွာမှအကွာအဝေး (မိုင်) | | ကော့သောင်းဈေး(၇၀)မိုင် |
| သယ်ယူပို့ဆောင်ရေး လမ်းကြောင်း နှင့် ၎င်း၏ အထောက်အပံ့များ | | ကားခ (၄၀၀၀)ကျပ်(၁)ဦး |
| ကုန်စည်နှင်ဝန်ဆောင်မှု ရရှိနိုင်မှု အမျိုးအစားများ | | ဆောက်လုပ်ရေးပစ္စည်း၊ စားသောက်ကုန်၊လူသုံးကုန် ပစ္စည်းများ၊ဘက်စုံသုံးပစ္စည်းများ |
| ဈေးအခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှု | | အသင့်အတင့် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကံမော်ကြီးကျေးရွာရှိ လူများသည် ဆောက်လုပ်ရေး ပစ္စည်းများ၊ စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ ဘက်စုံသုံးပစ္စည်းများကို ကော့သောင်းဈေးတွင်သာ သွားရောက်ဝယ်ယူကြပါသည်။ ပစ္စည်းများသွားရောက်ဝယ်ယူပါက ကားတွင်မှာယူရရှိသောကြောင့် ကော့သောင်ဈေးကိုသာအဓိကထား ဝယ်ယူကြပါ သည်။

## (၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရ မည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲများ |
|---|---|---|---|---|---|
| အစိုးရဘဏ် (စိုက်ပျိုးရေး ဘဏ်) | – | – | – | – | – |
| ပုဂ္ဂလိကဘဏ် | – | – | – | – | – |
| ပုဂ္ဂလိက အသေး စား ချေးငွေဝန် ဆောင်မှုကဏ္ဍ | – | – | – | – | – |

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရ မည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲများ |
|---|---|---|---|---|---|
| အဖွဲ့အလိုက်ငွေ စု/ငွေချေးအစီ အစဉ် | - | - | - | - | - |
| ငွေချေးပေးသူ | ငွေချေး | နေပြန်တိုး ပေး | ၁၀ဝမှာ၂ ဝတိုး | မလို | လူတိုင်မရရှိပါ၊(ဆင်းရဲသား နှင့် အလုပ်ကိုင်မရှိသောသူ) |
| အပေါင်ဆိုင် | ချေးငွေ | ၃လပြတ် | ၅ကျပ်တိုး | လိုအပ် | ပစ္စည်းပါသူတိုင် |
| သမချေးငွေ | ချေးငွေ | ၆လ တစ်ကြိမ် | ၂ကျပ်တိုး | မလို | သမအဖွဲ့ဝင်သာများ သာရရှိ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ ၊စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေးဝန်ဆောင်မှုပေးသောအဖွဲ့များ။

မှတ်ချက်။ ။ ငွေကြေး ဝန်ဆောင်မှု အမျိုးအစား – ချေးငွေ၊ စုငွေ၊ အာမခံစနစ်

**လေ့လာတွေ့ရှိချက်။** ။ ကံမော်ကြီးကျေးရွာတွင် ချေးငွေဝန်ဆောင်မှုများအနေဖြင့်အဖွဲ့အစည်းများ မရှိသော်လည်းကျေးရွာတွင်နေပြန်တိုးပေး၍၍ငွေချေးပေးသည်များရှိပါသည်၁၀ဝကျပ်လျှင်၂ဝတိုးယူပါ သည်သိုသော်ဆင်းရဲသားများနှင့်အလုပ်ကိုင်မရှိသူများချေးယူခြင်းမရရှိပါ။ကံမော်ကြီးကျေးရွာတွင်သမခေ ျးငွေအဖွဲ့အစည်းရှိပါသည်သမအသင်းဝင်တိုင်ငွေချေးယူ၍ရရှိပါသည်။တစ်ဦးလျှင်တစ်သိန်းကျပ်သာ ရရှိပြီး၂ကျပ်တိုးပေးရပြီး၆လတစ်ကြိမ်ပြန်သွင်းရပါသည်။အသင်း ဝင်မဟုတ်များချေးယူ၍မရရှိသည်ကိုတွေ့ရှိရပါသည်။

## (၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု

### (၂.၆.၁)ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

| အခက်အခဲ | အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာ အခြေအနေ | နိမ့် | နှစ်ကြာစိုက်ပျိုးလာသောကြောင့်မြေဆီသြဇာ အနည်းငယ်ညံလာပါသည်။ |

| အခက်အခဲ | အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာ အခြေအနေ | နိမ့် | နှစ်ကြာစိုက်ပျိုးလာသောကြောင့်မြေဆီသြဇာ အနည်းငယ်ညံ့လာပါသည်။ |
| အပင်မျိုးစိတ်များ | လတ် | သဘာဝအပင်မျိုးစိတ်များ ပြုန်းတီး လာပါသည်။ |
| ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု | နိမ့် | အပင်များ ဖျက်ပိုးကျရောက်မှု မရှိပါ။ |
| ရေအရင်းအမြစ် | နိမ့် | တွင်းရေနှင့် အဝီစိတွင်းရေကို သုံးစွဲပါသည်။ |
| ငါးမျိုးကွဲများ | မြင့် | ငါးဖမ်းလုပ်ငန်းများ လုပ်ကိုင်သော နှင့်ဒီရေတောပြုန်းတီးမှုကြောင့် ငါးများမျိုးတုံးလာပါသည်။ |
| အခြားတိရစ္ဆာန်မျိုးကွဲမျ ား | မြင့် | တောတောင်များရှားပါးလာခြင်း တိရစ္ဆာန်များအတွက် အန္တရာယ် ရှိနိုင်ပါသည်။ |
| စွန့်ပစ်ပစ္စည်း | မြင့် | စနစ်တကျစွန့်ပစ်ခြင်းမရှိပါ။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကံမော်ကြီးကျေးရွာတွင် ဥယျာဉ်ခြံ လုပ်ငန်း လုပ်ကိုင်သူများရှိသော်လည်း နှစ်ကြာစိုက်ပျိုးလာသောကြောင့် မြေဆီသြဇာအနည်းငယ်ညံ့လာပါသည်။ ဥယျာဉ်ခြံလုပ်ငန်းများ လုပ်ကိုင်ကြ သောကြောင့် သဘာဝအပင်များ ပြုန်းတီးလာပါသည်။ ဖျက်ပိုးများ ကျရောက်မှု မရှိပါ။ စိုက်ပျိုးရေအတွက် တွင်းရေနှင့် အဝီစိတွင်းရေများကို သုံးစွဲကြပါသည်။ ပင်လယ်ရွာဖြစ်သောကြောင့် ရေလုပ်ငန်းကို အဓိက လုပ်ကိုင်သဖြင့် ပင်လယ်သယံဇာတများ မျိုးတုံးလာပါသည်။ စိုက်ပျိုးရေးအတွက် လိုအပ်သော နည်းပညာသင်တန်းများ လိုအပ်သော်လည်း ရေလုပ်ငန်းအတွက် နည်းပညာများ လိုအပ်မှု မရှိပါ။ အမှိုက်များ စနစ်တကျစွန့်ပစ်မှု မရှိသည်ကိုလည်းတွေ့ရပါသည်။

## (၂.၇) ပညာရေး

### (၂.၇.၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

| အတန်းပညာပြီးမြောက်မှု | ကျား | မ | ပေါင်း | ၁၀ နှစ်နှင့် အထက် လူဦးရေ၏% |
|---|---|---|---|---|

| အတန်းပညာပြီးမြောက်မှု | ကျား | မ | ပေါင်း | ၁၀ နှစ်နှင့် အထက် လူဦးရေ၏% |
|---|---|---|---|---|
| စာမတတ်သူဦးရေ | ၁၆ | ၁၉ | ၃၅ | **၄.၇%** |
| ဘုန်းကြီးကျောင်းသင်ပညာရေး | ၁၉ | ၁၆ | ၃၅ | **၄.၇%** |
| မူလတန်းပညာရေး မပြီးဆုံးသူဦးရေ | ၁၃၃ | ၁၂၈ | ၂၆၁ | **၃၄.၉%** |
| မူလတန်းပညာရေး ပြီးဆုံးသူဦးရေ | ၁၆၁ | ၁၄၆ | ၃၀၇ | **၄၁.၃%** |
| အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၃၈ | ၄၄ | ၈၂ | **၁၀.၉%** |
| အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၇ | ၈ | ၁၅ | **၂%** |
| တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ | ၄ | ၇ | ၁၁ | **၁.၅%** |
| **၁၀ နှစ်နှင့်အထက် လူဦးရေပေါင်း** | **၃၇၈** | **၃၆၈** | **၇၄၇** | **၁၀၀%** |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကံမော်ကြီးကျေးရွာတွင် မူလတန်းလွန်ကျောင်းအဆင့် (၈)တန်းအထိသာရှိပြီး အထက်တန်းကျောင်းကိုကော့သောင်း၊ မြိတ်ကျောင်းတွင် သွားရောက်တက်ကြရခြင်း ဖြစ်ပါသည်။ မူလတန်းပြီးဆုံးပြီး ကျောင်းထွက်နှုန်း များပြားသည်ကို တွေ့ရှိရပါသည်။ ရွာကြီးဖြစ်သောကြောင့် အထက်တန်းတက်ရောက်ရန် အခက်အခဲရှိသော ကျောင်းသား/သူများရှိသဖြင့် အထက်တန်းပြီးဆုံးသူ အနည်းငယ်သာရှိပါသည်။ဆင်းရဲသောအိမ်ထောင်စုများသည်အလယ်တန်း၊အထက်တန်းကျောင်းမရှိသ ည်အတွက်ကြောင့်မူလတန်းဖြင့်ကျောင်းထွက်သူဦးရေးများပါသည်။ ထို့ကြောင့် အထက်တန်းကျောင်းနှင့် ပညာရေး ဆွေးနွေးဟောပြောပွဲများ ပြုလုပ်ပေးမည်ဆိုလျှင် ပညာတတ်မြောက်သူ များပြားလာနိုင်ပါသည်။

## (၂.၇.၂)လက်ရှိ ကျောင်းတက်နှုန်း

ဇယား (၃၁) လက်ရှိ ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏% |
|---|---|---|---|---|
| မူလတန်း(၅-၉ နှစ်) | ၈၀ | ၆၅ | ၁၄၅ | |
| အလယ်တန်း (၁၀-၁၄နှစ်) | ၄၀ | ၅၅ | ၉၅ | |
| အထက်တန်း (၁၅-၁၆ နှစ်ကြား) | ၄ | ၂၃ | ၂၇ | |

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏% |
|---|---|---|---|---|
| တက္ကသိုလ် ကျောင်းသား၊ သူ | ၁ | ၃ | ၄ | |
| **စုစုပေါင်း** | ၁၂၅ | ၁၄၆ | ၂၇၁ | |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**လေ့လာတွေ့ရှိချက်။** ။ ကမ်းတောကျေးရွာတွင် လက်ရှိကျောင်းတက်နေသော လူဦးရေမှာ အလယ်တန်းအဆင့်တွင် ပညာသင်ကြားနေပြီး အထက်တန်းတက်ရောက်သူများလည်း ရှိပါသည်။ မူလတန်းကျောင်း တက်ရောက်သူများပြားပြီး အလယ်တန်းတက်ရောက်သူ အလယ်အလတ်တွင်သာ ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ကျောင်းနေအရွယ် ကလေးများမှာ မိသားစုစားဝတ်နေရေးကြောင့် ကျောင်းတက် နောက်ကျခြင်း၊ အရွယ်လွန်မှ ကျောင်းထားခြင်းတို့ကြောင့် (၅-၉)နှစ်မူလတန်း ကျောင်းတက်နှုန်းတွင် အသက်တစ်ဆယ်ကျော်မှ မူလတန်းကျောင်းတက်သူများရှိသည်ကို တွေ့ရှိရပါသည်။ ရွာကြီးဖြစ်သောကြောင့် ကျောင်းသား/သူများစွာ ရှိသည်ကို တွေ့ရှိရပါသည်။

### (၂.၇.၃) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

<table>
<tr><th>အကြောင်းအရာ</th><th colspan="3">အလယ်တန်းကျောင်း</th><th colspan="3"></th></tr>
<tr><td>ရွာမှ အကွာအဝေး(၃-မိုင်)</td><td colspan="3">ကျေးရွာတွင်း</td><td colspan="3">အလယ်တန်းကျောင်း(၈)တန်းအထိ</td></tr>
<tr><td>သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု</td><td colspan="3">မရှိ</td><td colspan="3">ခြေလျင်</td></tr>
<tr><td>စာသင်ကျောင်း အရွယ်အစား<br>(အလျား၊ အနံ၊အမြင့်)</td><td colspan="3">၁၂၀X၃၀X၁၀<br>(2)ဆောင်</td><td colspan="3">နှစ်ဆောင်ရှိပါသည်။</td></tr>
<tr><td>အမိုး၊ နံရံ၊ အခင်း အရည်အသွေး</td><td colspan="3">သွပ်မိုး၊ အုတ်စီ၊<br>ကွန်ကရစ်ခင်း</td><td colspan="3">အရည်အသွေးများ အသင့်အတင့်ရှိပါသည်။</td></tr>
<tr><td>ကျောင်းသုံး ပရိဘောဂ<br>(လုံလောက်မှု ရှိ/မရှိ) နှင့်<br>ကျောင်းအိမ်သာ အခြေအနေ</td><td colspan="3">ပရိဘောဂ<br>လုံလောက်မှုရှိ<br>ပါသည်။<br>ကျောင်းအိမ်သာ<br>ကောင်းမွန်ပါသည်။</td><td colspan="3">ကျောင်းသားသုံး ယင်လုံအိမ်သာ<br>(၇)လုံးရှိပြီးအိမ်သာ(၂)လုံးမှာပျက်စီးေ<br>ေပါသည်။</td></tr>
<tr><td>ကျောင်းအာဟာရတိုက်ကျွေးမှု<br>(အာဟာရ အမျိုးအစားနှင့်<br>ကြိမ်ရေ)</td><td colspan="3">တစ်နှစ်လျှင်(၂)ကြိမ်<br>အထက်ရှိပြီး<br>ကြက်ဆန်ပြုတ်<br>ကျွေးမွေးခြင်း</td><td colspan="3">ကျေးရွာရှိ အလှူရှင်များမှ<br>ကျွေးမွေးပါသည်။</td></tr>
<tr><td>ကျောင်းဆရာ/မ ဦးရေ</td><td>ကျား</td><td>မ</td><td>ပေါင်း</td><td>ကျား</td><td>မ</td><td>ပေါင်း</td></tr>
</table>

| အကြောင်းအရာ | အလယ်တန်းကျောင်း | | | | | |
|---|---|---|---|---|---|---|
| အစိုးရခန့် | ၂ | ၇ | ၉ | 120 | 133 | 253 |
| ကျေးရွာခန့် | | ၁ | ၃ | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ ကံမော်ကြီးကျေးရွာတွင် မူလတန်းလွန်ကျောင်း ဖြစ်သော်လည်း (၈)တန်း အထိ ရှိပါသည်။ ကျောင်းသားဦးရေ များသော်လည်း ကျောင်းဆရာ/မ လုံလောက်မှုမရှိပါ စာသင်ကျောင်းလည်း ဆောက်လုပ်ပြီးလျှင် လုံလောက်မှု ရှိပါသည်။ စာသင်ကျောင်း အရည်အသွေး ကောင်းမွန်မှုရှိပြီး ကျောင်းသုံးပစ္စည်း လုံလောက်မှုရှိပါသည်။ ကျောင်းအိမ်သာများမှာ အရည်အသွေးကောင်းမွန်မှုရှိပြီး ကျောင်းသား/သူ သုံးအိမ်သာ(၇)လုံးရှိပြီး(၂)လုံးမှာပျက်စီးလျက် ရှိပါသည်။ ကျောင်းအာဟာရတိုက်ကျွေးမှု အနေဖြင့် ကျေးရွာရှိ အလှူရှင်များမှ တစ်နှစ်လျှင် (၂)ကြိမ်အထက်ရှိပြီး ကြက်ဆန်ပြုတ်များကိုကျွေးမွေးပါသည်။ မူလတန်းပြီးဆုံးလျှင် စမိုင်ကွာ ဝေးသောပိုကောင်းကျောင်းတွင်သွားရောက်တက်ရောက်ရသောကြောင့်(ကရညူရှိမြို့ ၄ဖမိုင် ကုန်လမ်း၊ ရေလမ်း၁၂မိုင်) ကျောင်းသားများ အခက်အခက်များစွာရှိပါသည်။ ကံမော်ကြီးကျေးရွာတွင် အလယ်တန်း ပညာရေး စနစ်ကိုတိုးချဲပေးရန်လိုအပ်ချက်ရှိပါသည်။ ဆရာ/ဆရာမများလုံလောက်မှု မရှိသည်ကိုလည်း တွေ့ရှိပါသည်။ကံမော်ကြီး ကျေးရွာတွင်းရှိ စာသင်ကျောင်းတွင် တိရိစ္ဆာန်များ ဝင်ရောက်မှုရှိသောကြောင့် စာသင်ကျောင်းခြံစည်ရိုးများလည်း လိုအပ်လျက်ရှိသည်ကို တွေ့ရှိပါသည်။

## (၂.၇.၄) ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

| **အခက်အခဲ/ ပြဿနာ** | **ရှင်းလင်းချက်** |
|---|---|
| ကျောင်းဆရာ/မ ရရှိနိုင်မှု | လုံလောက်မှု မရှိပါ။ |
| တပည့် – ဆရာ အချိုး | မညီမျှပါ၊ ၂၅၃/၉ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | မူလတန်းကျောင်းထွက်နှုန်း များပါသည်။ |
| မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ် | မသန်စွမ်းသူတစ်ဦးရှိသော်လည်း အများနည်းတူ စာသင်ကြားပါသည်။ |
| ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ | ဗလာစာအုပ်၊ ပြဋ္ဌာန်းပုံနှိပ်စာအုပ် အပြည့် အစုံ၊ ဝတ်စုံ တစ်စုံစီကို ပညာရေးဦးစီးဌာနမှ ပံ့ပိုးပေးပြီး၊ လေ့ကျင့်ခန်း စာအုပ်နှင့် စာရေး ကိရိယာများကို ကျောင်းသား ဝယ်သုံးရပါသည်။ လုံလောက်မှု မရှိပါ။ |

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှု | အခမဲ့ ပညာရေးစနစ်ကို အကောင်အထည်ဖော်နေသည့်အတွက် ဆင်းရဲသော မိသားစုများ အတွက်လည်း အခက်အခဲမရှိ ကျောင်း တက်ခွင့် ရနေပါသည်။ ၈,၉.၁၀တက်ရောက်ရန် အခက်အခဲ ရှိပါသည်။ |
| ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု | ကျောင်းအားကစားကွင်း ရှိသော်လည်း ကျေးရွာပိုင် ဘောလုံးကွင်းရှိသဖြင့် နှစ်တိုင်း ဘောလုံးပြိုင်ပွဲ ရှိပါသည်။ အားကစားဆိုင်ရာ ပစ္စည်းသီးသန့် မရှိပါ။ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | ကျောင်းကော်မတီရှိပြီး ကျောင်း၏လိုအပ်ချက်များကို ကျေးရွာ သားများနှင့် တိုင်ပင် လုပ်ဆောင်ကြပါသည်။ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ ကံမော်ကြီးကျေးရွာတွင် မိဘများမှပညာရေး အသိအမြင်ဗဟုသုတများ ရှိသော်လည်းအလယ်တန်း၊ အထက်တန်းတက်ရောက်ရန် အခက်အခဲ ရှိသောကြောင့် အထက်တန်းပညာ ပညာတက်မြောက်မှု နည်းပါးကြောင်း တွေ့ရှိရပါသည်။ အဘယ်ကြောင့်ဆိုသော် ပင်လယ်ကျွန်းရွာဖြစ်သဖြင့် ဆင်းရဲသော မိသားစုများမှာ အထက်တန်းပညာကို အခြားမြို့ကျောင်း များတွင် တက်ရောက်ရသောကြောင့် ငွေကြေး မတတ်နိုင်ခြင်းနှင့် နေထိုင်ရန် အခက်အခဲရှိသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် အလယ်တန်းနှင့် အထက်တန်းပညာရေးအတွက် ထောက်ပံ့မှုများ ရှိပါကအလယ်တန်း၊ အထက်တန်းကျောင်းထွက်နှုန်း ပပျောက်ပါမည်။

## (၂.၈) ကျန်းမာရေးနှင့် အာဟာရ

### (၂.၈.၁)အဖြစ်များသော ရောဂါများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|---|
| | | မြင့် | နိမ့် | မရှိ | |
| ၁ | ဝမ်းပျက်ဝမ်းလျှော | | ✓ | | ရာသီဥ တုကူးပြောင်းချိန် |
| ၂ | သွေးလွန်တုပ်ကွေး | | ✓ | | ရာသီဥ တုကူးပြောင်းချိန် |
| ၃ | ငှက်ဖျား | | | ✓ | ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့ရှိပါသည်။ |
| ၄ | အသက်ရှုလမ်းကြောင်း ကူးစက်ရောဂါ | | | ✓ | ဖြစ်ပွားမှု မရှိပါ။ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | | | ✓ | ဖြစ်ပွားမှု မရှိပါ။ |
| ၆ | တီဘီ | | ✓ | | (၁၀)ဦးခန့်ရှိသည်၊ဆေးရုံးဆေးခန်းကို သွားရောက်ပြခြင်း၊ဆေးစားခြင်း |

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|---|
| | | မြင့် | နိမ့် | မရှိ | |
| ၇ | ဆီးချို | | ✓ | | လူကြီးပိုင်းများ အဖြစ်များပါသည်။ |
| ၈ | သွေးတိုး | | ✓ | | လူကြီးပိုင်းများ အဖြစ်များပါသည်။ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | | | ✓ | ဖြစ်ပွားမှု မရှိပါ။ |
| ၁၀ | အာဟာရ ချို့တဲ့မှု | | | ✓ | ဖြစ်ပွားမှု မရှိပါ။ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | | | ✓ | ဖြစ်ပွားမှု မရှိပါ။ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကံမော်ကြီးကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေး ဖြစ်ပွားမှု အနည်းငယ်ရှိပြီး ဆီးချိုနှင့် သွေးတိုးရောဂါများမှာ လူကြီးပိုင်းများ အဖြစ်များသည်ကို တွေ့ရှိရပါသည်။ တီဘီရောဂါကြောင့်(၁၀)ဦးခန့်ရှိသည်၊ဆေးရုံးဆေးခန်းကိုသွာရောက်ပြခြင်း၊ဆေးစားခြင်းများပြုလုပ်နေပါသည်။ငှက်ဖျားရောဂါ ဖြစ်ပွားမှု မရှိအောင် ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့မှ ကာကွယ်မှုများ ပြုလုပ်ရန် ဝန်ဆောင်မှုများ ပေးပါသည်။ သို့သော်လည်း ကျန်းမာရေး အသိပညာဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်ပါသည်။

### (၂.၈.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၁ | အဆုတ်ရောဂါ | ✓ | | ကျေးရွာတွင် ထိုးပေးပါသည်။ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✓ | | ကျေးရွာတွင် ထိုးပေးပါသည်။ |
| ၃ | ပိုလီယိုရောဂါ | ✓ | | ကျေးရွာတွင် ထိုးပေးပါသည်။ |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✓ | | ကျေးရွာတွင် ထိုးပေးပါသည်။ |
| ၅ | ဝက်သက်ရောဂါ | ✓ | | ကျေးရွာတွင် ထိုးပေးပါသည်။ |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | ✓ | | ကျေးရွာတွင် ထိုးပေးပါသည်။ |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ✓ | | ကျေးရွာတွင် လာရောက်တိုင်းယူပါသည်။ |
| ၈ | အာဟာရပညာပေး အစီအစဉ် | | ✓ | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကံမော်ကြီးကျေးရွာတွင် နှစ်တိုင်း ကာကွယ်ဆေးထိုးနှံမှုများ ရှိပါသည်။ ကာကွယ်ဆေးများကို တာဝန်ကျ ကျန်းမာရေးဝန်ထမ်းမှ ကျေးရွာသို့ လာရောက်ထိုးနှံပေးပါသည်။ ကျေးရွာတွင် ကျန်းမာရေးဝန်ထမ်း နေထိုင်ပါသည်။ ထို့ကြောင့်လည်း ရောဂါဖြစ်ပွားမှုများ နည်းပါးပါသည်။

### (၂.၈.၃)ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| **ကျန်းမာရေး ဝန်ဆောင်မှု** | **ခရီး အကွ ာ အဝေး (မိုင်)** | **အခန်း/ ကုတင် (လုံလော က်မှုရှိ/မရှိ)** | **ကျန်းမာရေး ဝန်ထမ်းဦးရေ** | **ဆေးနှင့်ပတ်သက်သော အသုံးအဆောင်ပစ္စည်း များ (လုံလောက်မှု/ မလုံလောက်မှု)** | **မှတ်ချက်** |
|---|---|---|---|---|---|
| ကျေးလက် ကျန်းမာရေး ဌာန/ခွဲ | ရွာ တွင်း | မရှိ | ကျန်းမာရေးမှူး-<br>သားဖွားဆရာမ -<br>အရံသားဖွားဆရာမ- ၁<br>ကြီးကြပ် (၁) -<br>ကြီးကြပ် (၂) - ၁<br>တိုင်းရင်းဆေးကု-<br>အရပ်လက်သည်- | မရှိ | ဆောက်လုပ် ဆဲ |
| တိုက်နယ် ဆေးရုံ | - | - | ဆရာဝန် -<br>လ/ထ -<br>ကျန်းမာရေးမှူး-<br>သူနာပြု -<br>သားဖွားဆရာမ -<br>အရံသားဖွားဆရာမ-<br>ဓာတ်ခွဲကျွမ်းကျင်- | - | - |
| မြို့နယ် ဆေးရုံ | - | - | ဆရာဝန် -<br>လ/ထ -<br>ကျန်းမာရေးမှူး- | - | - |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း/ ကုတင် (လုံလောက်မှုရှိ/မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံးအဆောင်ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| | | | သူနာပြု - <br> သားဖွားဆရာမ - <br> အရံသားဖွားဆရာမ- <br> ခတ်ခွဲကျွမ်းကျင်- | | |
| ဆေးဆိုင် | - | - | ဆေးဝါးကျွမ်းကျင်သူ (ဟုတ်/မဟုတ်) - | လက်လှမ်းမှီမှု- <br> သိုလှောင်ပုံစနစ်- | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကံမော်ကြီးကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဆောက်လုပ်ရန် ဆဲသည်ကို တွေ့ရှိရပါသည်။ သို့သော် လက်ရှိတွင် ကျန်းမာရေးဝန်ထမ်း အနေဖြင့် အရံသားဖွားဆရာမတစ်ဦးနှင့် ကျန်းမာရေး ကြီးကြပ်(၁)တစ်ဦး ရှိပါသည်။ ထို့ကြောင့် ကျန်းမာရေးနှင့် ပတ်သက်သော လိုအပ်ချက်များအတွက် အဆင်ပြေမှု ရှိသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများကိုလည်း အခါအားလျော်စွာ ပြုလုပ်ပေးခြင်းဖြင့် ကျေးရွာသူ/သားများ၏ ကျန်းမာရေးအသိများ တိုးတက်လာနိုင်ပါမည်။ ၄င်းကျေးရွာတွင် ဆေးဆိုင် သီးသန့်မရှိသဖြင့် ကြီးမားသော ရောဂါဖြစ်ပွားပါက ကော့သောင်းသို့ သွားရောက်ကုသကြပါသည်။

## (၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၂.၉.၁)သောက်သုံးရေရရှိမှု

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အရေ အတွက် | အကောင်း/ အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| ရေတွင်း | ၆ | ကောင်း | ✓ | ✓ | ✓ | - |
| အဝီစိတွင်း/စက်တပ် | ၃ | ၂ကောင်း/၁ ညံ့ | ✓ | ✓ | ✓ | |
| အဝီစိတွင်း/တုံကင် | - | - | - | - | - | - |
| မိုးရေသိုလှောင်ကန် | - | - | - | - | - | - |
| မြစ်/ချောင်း | - | - | - | - | - | - |

| ရေရရှိနိုင်မှု | အရေအတွက် | အကောင်း/အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| ရေကန် | - | - | - | - | - | - |
| စိမ့်စမ်းရေသွယ်တန်းခြင်း | - | - | - | - | - | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ ကံမော်ကြီးကျေးရွာရှိ ရေတွင်းနှင့် အဝီစိတွင်းရေများမှာ တစ်နှစ်ပတ်လုံးရရှိပြီး တစ်ရွာလုံး အသုံးပြုကြောင်း တွေ့ရှိရပါသည်။ အဝီစိတွင်းများမှာ တစ်ရွာလုံးတွင် (၃)တွင်းရှိပြီး လက်တူးတွင်းမှာ (၆)တွင်း ရှိပါသည်။ တွင်းရေသုံးသော အိမ်ထောင်စု(၁၂၉)စုရှိပြီး အဝီစိရေသုံးသော အိမ်ထောင်စု(၈၄)စုရှိပါသည်။ တစ်ရွာလုံးအတွက် လုံလောက်မှုရှိပြီး ရေရရှိမှု အခက်အခဲ မရှိပါ။ အဝီစိတွင်းရေကို အိမ်ထောင်စု အများစု သုံးစွဲကြသလို တွင်းရေကို သုံးစွဲသည်ကို တွေ့ရှိရပါသည်။

## (၂.၉.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သောအိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု | ရှင်းလင်းချက် |
|---|---|---|
| ရေလောင်း/ယင်လုံအိမ်သာ | ၄၁/၈ | ကုန်းဖက်ပိုင်းတွင် နေထိုင်သော အိမ်ထောင်စုများမှာ ရေလောင်းအိမ်သာများကိုသုံးစွဲကြပါသည်။ |
| ကျင်းအိမ်သာ | | |
| မြေ/ရေပေါ်အိမ်သာ | ၈၁/၁၅ | ပင်လယ်ကျေးရွာဖြစ်သောကြောင့် ကျင်းတူးရန် အခက်အခဲ ရှိသဖြင့် ရေပေါ်အိမ်သာများကိုသာ သုံးစွဲကြပါသည်။ |
| တောထိုင် | ၆၈ | ဆင်းရဲသော အိမ်ထောင်စုများမှာ မသုံးစွဲနိုင်ပါ။ |
| **စုစုပေါင်း** | | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကံမော်ကြီးကျေးရွာသည် ပင်လယ်ကျွန်းရွာ ဖြစ်သောကြောင့် ယင်လုံအိမ်သာ ဆောက်လုပ်ရန် ပင်လယ်ရေရောက်သဖြင့် ကျင်းတူးရန် အခက်အခဲရှိပါသည်။ ထို့ကြောင့် အိမ်ထောင်စု အများစုမှာ ရေပေါ်အိမ်သာများကိုသာ သုံးစွဲကြပါသည်။ ကုန်းဖက်ပိုင်းတွင် နေထိုင်သော အိမ်ထောင်စုများမှာ ရေလောင်းအိမ်သာများကို သုံးစွဲကြပါသည်။ ဆင်းရဲသောအိမ်ထောင်စုများသည် အိမ်သာမပြုလုပ်နိုင်သောကြောင့် တောထိုင်ခြင်းကိုပြုလုပ်ကြပါသည်။ အချို့အိမ်ထောင်စုများမှာ

တခြားအိမ်များရှိ အိမ်သာများကို သုံးစွဲကြပါသည်။ ထို့ကြောင့် ကျန်းမာရေးနှင့် ပတ်သက်သော အသိပညာ ဗဟုသုတ ဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်သည်ကို တွေ့ရှိရပါသည်။

## (၂.၁၀) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဇယား (၃၉) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

| စဉ် | ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | | ✓ | ယခင်ကတည်းက အုပ်ချုပ်ရေးပိုင်း တွင် အမျိုးသားများကို ဦးစားပေး ပါသည်။ထိုတမ်းအစဉ်အလာအရ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်း များတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင် ဆောင်ရွက်မှု | ✓ | | ပါဝင်ခွင့်၊ ဆွေးနွေးခွင့်၊ ဆုံးဖြတ်ခွင့် များ ရရှိကြပါသည်။ |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယ ဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | | ✓ | အကြမ်းဖက်နှင့် ပတ်သက်သော အသိပညာရှိပါသည်။ |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု | ✓ | | ဥပဒေပိုင်းဆိုင်ရာအသိပညာများ သိရှိပါသည် |
| ၅ | အခြား (ရှိလျှင်) | | | |

ရင်းမြစ်... (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကံမော်ကြီးကျေးရွာ၏ အုပ်ချုပ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှုမရှိခြင်းမှာ ယခင်ကတည်းကထိုတမ်းအစဉ်အလာအရ အမျိုးသားများကို ဦးစားပေးရွေးချယ်ကြောင့် ဖြစ်ပါသည်။ သို့သော်လည်း ကျေးရွာ၏ သာရေးနာရေး ကိစ္စရပ်များတွင် အမျိုးသားများနှင့် အမျိုးသမီးများ အားလုံးအားတက်သရော ပါဝင်ကြပါသည်။

## (၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ

### (၂.၁၁.၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား (၁/၂/၃/၄) | ကောင်း သင့်/ညံ့ | တည်ဆောက် ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|

| | | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး | |
|---|---|---|---|---|---|---|
| ရွာတွင်းလမ်းမ | ၁ | သင့် | ရွာတည်ကတည်းကတည်ရှိ | - | ✓ | (၂၀၀၀)ပေကျော် |
| ချဉ်းကပ်လမ်း | ၁ | သင့် | ၂၀၁၅ | - | ✓ | ၁၈မိုင် |
| ရွာချင်းဆက်လမ်း | - | - | - | - | - | - |
| လမ်းကြား | ၁ | ညံ့ | ၂၀၁၅ | | ✓ | (၁၀၀၀)ပေ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** မြေသားလမ်း – ၁၊ကျောက်ခင်းလမ်း – ၂၊ကတ္တရာလမ်း/ကွန်ကရစ်လမ်း – ၃၊ သစ်သားတံတားလမ်း – ၄

**လေ့လာတွေ့ရှိချက်။** ။ ကံမော်ကြီးကျေးရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်သောကြောင့် ပင်လယ်ရေတက်ချိန်တွင် သွားလာရခက်ခဲပါသည်။ ရွာတွင်းလမ်းမှာ (၂၀၀၀)ပေကျော် ရှိသည်ကို တွေ့ရှိရပါသည်။ ရွာတွင်းလမ်းမှာမြေနိမ့်ပိုင်းဖြစ်သောကြောင့် ရေတက်ချိန်တွင်အခက် အခဲရှိပါသည်။ မိုးရာသီနှင့် ရေတက်ချိန် တွင် လမ်း၏၁ပေကျော်ခန့် အထိရေတက်ပါသည်။ မြေထိန်းနံရံမှာလည်း ခိုင်ခန့်မှုမရှိဘဲနိမ့်နေပါသည်။ ရွာတွင်လမ်း မှာရေကျော်သောကြောင့် ရေထွက်ပေါက်များ မရှိသည်ကိုတွေ့ရှိပါသည်။ ထိုကြောင့်ခိုင်ခန့်သော မြေထိန်းနံရံ၊ ရေနုတ်မြောင်းများနှင့် ရေပြွန်များပြုလုပ်ပေးခြင်းဖြင့် သွားလားရလွယ်ကူ ကောင်းမွန်သော ကျေးရွာတွင်လမ်း ဖြစ်လာနိုင်သည်ကိုတွေ့ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ပိုကောင်းကုမ္ပဏီ၏ ထိန်းချုပ်မှုအောက်တွင် တည်ရှိသောကြောင့် လွပ်လပ်စွာသွားလားခွင့်မရသည်ကို တွေ့ရပါသည်။ ပိုကောင်း ကုပ္မဏီပိုင် လေးရွာတွင်ဂိတ်တခု ၊ပိုကောင်းကုပ္မဏီတွင်ဂိတ်တခု စုစုပေါင်းဂိတ်နှစ်ခုကို ဖြတ်သန်း၍ သွားလာရပါသည်။ ဖြတ်သန်းသွားလာမည်ဆိုလျှင် မနက်(၆)နာရီမှ ည(၇)အထိသာ သွားလားခွင့် ရရှိပါသည်။ အရေးပေါ်အခြေနေများတွင် ပိုကောင်းကုမ္ပဏီရုံးကိုအကြောင်းကြားမှသာ သွားလား ခွင့်ရရှိပါသည်။ ကျန်အချိန်များတွင်လုံးဝသွားလားခွင့်မရရှိ သည်ကိုတွေ့ရှိရပါသည်။ တစ်နှစ်ပတ်လုံး အဆင်ပြေချောမွေ့စွာသွားမှု ပြုနိုင်ရန်သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက် အထူး လိုအပ်ချက် ရှိပါသည်။

## (၂.၁၁.၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား | ကောင်း/သင့်/ညံ့ | တည်ဆောက်ခဲ့သောနှစ် | အသုံးပြုနိုင်သည့်ရာသီ | |
|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |

| တံတား အမျိုးအစား | အရွယ်အစား | ကောင်း/သင့်/ညံ့ | တည်ဆောက် ခဲ့သောနှစ် | အသုံးပြုနိုင်သည့်ရာသီ | |
|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| ဆိပ်ခံတံတား | ၁၀၀ပေ | သင့် | ၂၀၁၄ | – | – |
| သစ်သားတံတား | ၁၅၀x၆ | ကောင်း | ၂၀၁၆ | – | ✓ |
| ကြိုးတံတား | – | – | – | – | – |
| ရေပွန် | – | – | – | – | – |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကံမော်ကြီးကျေးရွာသည် အခြားကျေးရွာသို့ သွားရောက်ပါက ရေလမ်းကြောင်းကို အဓိက အသုံးပြုရသောကြောင့် အစိုးရမှ (၂၀၁၄)ခုနှစ်က ပြုပြင် ဆောက်လုပ်ထားသော ကွန်ကရစ်ဆိပ်ခံတံတား တစ်စင်းရှိပါသည်။ ထိုတံတားသည်ပြုလုပ်ထားပြီး နောက်အသုံးပြုမရသေး ပါနောက်ထက်တံတား ပေ(၁၀၀)ခန့်ဆက်လက်ပြုလုပ်ပေးမည်ဆိုလျှင် လှေဝင်လှေထွက် သွားလာရ အဆင်ပြေသော်လည်း ရေတက်ချိန်တွင်သာ လှေများ ကပ်နိုင်ပါသည်။ ထို့ကြောင့် ဆိပ်ခံတံတားကို ဆက်လက်၍ ဆောက်လုပ်ရန် လိုအပ်ပါသည်။

### (၂.၁၁.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ် အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု | |
|---|---|---|---|---|
| | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| မြစ်ကြောင်း | – | – | – | – |
| ပင်လယ်ရေကြောင်း | ၈၀(၈)နာရီ | ၂ | ✓ | ✓ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ – လှေ၊ သမ္ဗာန် ၂ – မော်တော် ၃ – သင်္ဘော

**လေ့လာတွေ့ရှိချက်။** ။ ကံမော်ကြီးကျေးရွာတွင် ပင်လယ်ရေကြောင်းလမ်းခရီးဖြင့် ကော့သောင်းမြို့နှင့် ရနောင်မြို့သို့ကုန်များတင်ပို့ကြပါသည်။ဥယျာဉ်ခြံထွက်သီးနှံများကို ကော့သောင်းမြို့ သို့ တင်ပို့ပြီး ရေလုပ်ငန်းထွက် ပစ္စည်းများကို ရနောင်မြို့သို့ တင်ပို့ရောင်းချသောကြောင့် ပင်လယ် ရေကြောင်း နှစ်ကြောင်းကို အသုံးပြုကြပါသည်။ ရေကြောင်းလမ်းခရီးဖြင့် တစ်နှစ်ပတ်လုံး သွားလာနိုင် သည်။ သို့သော်လည်း မိုးရာသီတွင် သွားလာရ အလွန်ခက်ခဲပါသည်။

## (၂.၁၁.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | စက်လှေ | လှေ၊ သမ္ဗာန် | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|
| အရေအတွက် | ၈၇ | ၄ | ၁၁ | ၄၅ | ၁ | ၁ | - | - |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကံမော်ကြီးကျေးရွာသည် ပင်လယ်ကျွန်းရွာ ဖြစ်သောလည်း အခြားကျေးရွာများသို့ သွားရောက်ပါကကုန်းလမ်းနှင့် ရေလမ်းဖြစ်သွားလာအသုံးပြုရပါသည်။ ရေလမ်းအတွက် လှေများကိုသာ အသုံးပြုကြပြီးကုန်းလမ်းအတွက်ဆိုင်ကယ်နှင့် ကားများကို အသုံးပြုကြပါသည်။ ကျေးရွာတွင်းမှာ ကုန်းလမ်းဖြစ် သောကြောင့် ကား၊ ဆိုင်ကယ်နှင့် စက်ဘီးများကို အသုံးပြုကြပါသည်။ သို့သော်လည်း ရေကြီးသော ရက်များတွင် ကျေးရွာတွင်းလမ်းများကို ပင်လယ်ရေ ရောက်သောကြောင့် ကျောင်းသားများ သွားလာရ အခက်အခဲရှိသည်ကို တွေ့ရှိရပါသည်။ ဆိုင်ကယ်ခအနေဖြင့်ပိုကောင်း အထိအသွားအပြန် ၈၀၀၀ကျပ်၊ကော့သောင်းအထိအသွားအပြန် ၂၅၀၀၀ကျပ် နှင့်၃၀၀၀၀ကျပ် အထိပေးရပါသည်။ ကားခအနေဖြင့်ပိုကောင်း အထိအသွားအပြန် ၁၀၀၀ကျပ်၊ ကော့သောင်းအထိအသွားအပြန် ၈၀၀၀ကျပ်အထိပေးရပါသည်။

## (၂.၁၂) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့) | အခက်အခဲရှိ/မရှိ |
|---|---|---|---|
| မဟာဓာတ်အားလိုင်း | - | - | - |
| ဆိုလာစနစ် | ၅/၁ | ညံ့ | ရှိ |
| အသေးစားရေအားလျှပ်စစ် | | - | - |
| ဒီဇယ်သုံးအင်ဂျင် | ၂၀/၁၅၃ | ကောင်း | ရှိ |
| လေစွမ်းအင် | | - | - |
| ဇီဝလောင်စာ | | - | - |
| ဖယောင်းတိုင် | ၃၆ | - | ရှိ |
| | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်- အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကံမော်ကြီးကျေးရွာတွင် ကျေးရွာမှ အင်ဂျင်စက်ဖြင့် လျှပ်စစ်မီးပေးသူ အိမ်ထောင်စု(၁)စုရှိပြီး လျှပ်စစ်မီးပေးသော အိမ်ထောင်စု(၁)စုမှာ မီးပေးရာတွင် အဆင်ပြေပြီး ညဖြနာရီမှာ၉နာရီ၃၀မိနစ်အထိပေးထားပါသည်။ တစ်လလျှင် မီးတစ်လုံးထွန်းလျှင် ၃၀၀၀ကျပ်၊ မီးနှစ်လုံးလျှင် ၅၀၀၀ကျပ် ပေးရပါသည်။ မီးထွန်း၊TVကြည့်လျှင် ၁၀၀၀၀(or)၁၃၀၀၀ကျပ်အထိ ပေးရပါသည်။ ပြပြင်ထိန်းသိမ်းမှု အပိုင်းတွင် အသင့်အတင့် ရှိပါသည်။ လျှပ်စစ်မီးယူထားသော အိမ်ထောင်စုများမှာ ကျေးရွာရှိအိမ်ထောင်စု၏(၁၅၃)စုရှိပြီးကိုယ်ပိုင်မီးစက်ဖြင့် သုံးစွဲသူ(၂၀)ဦး၊ ဆိုလာမီး သုံးသော အိမ်ထောင်စု (၅)စုနှင့် အငှားသုံစွဲသူ(၁)ဦး၊ဖယောင်းတိုင်မီးသုံးသော အိမ်ထောင်စု (၃၆)စု ရှိပါသည်။ ထို့ကြောင့် ဖယောင်းတိုင်မီးသုံးစွဲသော အိမ်ထောင်စုများအတွက် လျှပ်စစ်မီး ရရှိရန် လိုအပ်ပါသည်။

## (၂.၁၃) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း | အခြား |
|---|---|---|---|---|---|
| အရေအတွက် | ၅၀ | ၃ | ၃၅ | ၃၅ | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကံမော်ကြီးကျေးရွာတွင် ဖုန်းလိုင်းကောင်းမွန်မှု မရှိသော်လည်း ဖုန်းအသုံးပြုသူ များပြားသည်ကို တွေ့ရှိရပါသည်။ ဖုန်းပြောလိုပါက ဖုန်းလိုင်းမိသော နေရာများကို ရွေးချယ်ရပါသည်။ အင်တာနက်လိုင်းများ ကောင်းမွန်မှု မရှိသော်လည်း ရေဒီယို၊ တီဗွီနှင့် စလောင်းများ အသုံးပြုကြသောကြောင့် သတင်းအချက်အလက်များကို အချိန်မှီရရှိနိုင်ပါသည်။

## (၂.၁၄) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| လုပ်ငန်းအမည် | ဝန်ဆောင်မှု |
|---|---|
| အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု | ကံမော်ကြီး တောင်နောက် သဲတန်းသွားနိုင်ခြင်း |
| လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု | ကျေးရွာလူထုအားလုံးပါဝင်လုပ်ဆောင်ကြပါသည်။ |
| ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု | ကျေးရွာလူထုအားလုံးပါဝင်လုပ်ဆောင်ကြပါသည်။ |
| အားကစားပစ္စည်းများအား လက်လှမ်းမီမှု | ညနေဖက်တွင် ခြင်းလုံးခတ်ခြင်း၊ဘောလုံးကန်ခြင်း |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု | ကျေးရွာလူထုအားလုံးပါဝင်လုပ်ဆောင်ကြပါသည်။ |

| လုပ်ငန်းအမည် | ဝန်ဆောင်မှု |
|---|---|
| ရိုးရာယဥ်ကျေးမှု ထိန်းသိမ်းရေး | အသင့်တင့် |
| စာကြည့်တိုက်၊ အင်တာနက်စသည်များအား လက်လှမ်းမီမှု | ကျေးရွာစာကြည့်တိုက်မရှိ၊အင်တာနက်လက်လှမ်းမှီမှု အားနည်းပါသည်။ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကံမော်ကြီးကျေးရွာ၏ တောင်နောက်ဘက်တွင် အလည်သွားရန် အပန်းဖြေကွျန်းများရှိပါသည်။ ၄င်းကျေးရွာရှိ လူငယ်များသည် ညနေဖက် အလုပ်နားချိန်တွင် ခြင်းခတ်ခြင်း၊ တခါတရံဘောလုံးကန်ခြင်းစသော အားကစားများကို ကစားလေ့ရှိကြပါသည်။ ကျေးရွာတွင်း အင်တာနက်များ လက်လှမ်းမီှမှု အားနည်းခြင်း ဗဟုသုတရှာဖွေမှု အားနည်းကြသည်ကို တွေ့ရှိရပါသည်။ သို့သော် တီဗွီများ၊ စလောင်းများ ရှိသောကြောင့် သတင်းအချက်အလက်များ ရရှိသည်ကို တွေ့ရှိရပါသည်။

## (၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

### (၂.၁၅.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦ များအား လက်လှမ်းမီမှု | ဖုန်းလိုင်း ဆက်သွယ်ရေး ကောင်းမွန်မှုမရှိပါ။ ဆက်သွယ်ရေး အဆောက်အဦးမှာ ကရသူရိတွင် ရှိပါသည်။ |
| အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု | မရှိပါ။ |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ် | ကျေးရွာလူထုများအနေဖြင့် ကြိုတင်ကာကွယ်ရန် အစီအစဉ်များ မရှိပါ။ |
| ရဲစခန်းများအား လက်လှမ်းမီမှု | ကျေးရွာတွင်ရဲကင်းရှိပါသည်။ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ။

**လေ့လာတွေ့ရှိချက်။** ။ ကရသူရိမြို့တွင် ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦး ရှိပါသည်။ သို့သော်လည်း ကံမော်ကြီးကျေးရွာတွင် ဖုန်းလိုင်းကောင်းမွန်မှု မရှိသောကြောင့် အမှုအခင်းများ ဖြစ်ပွားလျှင် ရဲစခန်းရှိသော ကြောင့်အဆင်ပြေပါသည်။ အာမခံလုပ်ငန်းများ လက်လှမ်းမီမှု မရှိပါ။ လူထုအခြေပြု ဘေးအန္တယ်လျှော့ချရေး အစီအစဉ်များရှိသော်လည်း သက်ဆိုင်ရာ ဌာနများမှ အသိပညာဗဟုသုတများ ဟောပြောပေး ရန်လိုအပ်သည်။

### (၂.၁၅.၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

| | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| **စိုးရိမ်/သာမန်/မရှိ** | မရှိ | မရှိ | စိုးရိမ် | မရှိ |
| | | | | |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကံမော်ကြီးကျေးရွာတွင် လူငယ်အများစုမှာ မူးယစ်ဆေးဝါး သုံးစွဲမှုများ ရှိသည်ကို တွေ့ရှိရပါသည်။ လူကုန်ကူးမှု၊ ခိုးမှုများ နှင့်အကြမ်းဖက်မှုများမရှိသလို မှုခင်းဖြစ်ပွားမှုလည်း နည်းပါးပါသည်။ အခြား ကြီးမားသော မှုခင်းများ ဖြစ်ပွားမှု မရှိသဖြင့် မှုခင်း နည်းပါးပါသည်။

## ၅။နောက်ဆက်တွဲများ

**<u>ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်</u>**

ကျေးရွာ– ကံမော်ကြီး အုပ်စု –မသေ

| စဉ် | အခက်အခဲ/ပြဿနာ | အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ် | အခြေအနေကောင်းများ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| **ကဏ္ဍ – ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု** | | | | | | |
| ၁။ | • ဦးဆောင်မှုအပိုင်းတွင် အမျိုးသမီးများ နေရာမရခြင်း။ | • ဖွံ့ဖြိုးရေးလုပ်ငန်းများအား အချိန်ပေးနိုင်သူ နည်းခြင်း။<br>• ဓလေ့ထုံးစံအရ | • ကျေးရွာတွင် အကောင် အထည်ဖော်နေသော ဖွံ့ဖြိုးရေး စီမံကိန်းတွင် အမျိုးသမီးများ ပါဝင်ခွင့် ပေးထားခြင်း | • မိရိုးဖလာ ထုံး တမ်း အစဉ်အလာ ရ ခွဲခြားထားခြင်း<br>• မြို့နယ်အဆင့်မှ အမျိုးသမီးများအ တွက် စွမ်းဆောင် မြင့်တင်မည် အစီ အစဉ်များမရှိ ခြင်း | • ကျေးရွာအသက်မွေးဝမ်းကျေ ာင်းစီမံကိန်းများအကောင် အထည်ဖော်ရန် လိုအပ်သော အဖွဲ့များဖွဲ့စည်းခြင်း | ၁။ စွမ်းဆောင်ရည် မြှင့်တင်ခြင်း သင်တန်းပေးခြင်း |
| **ကဏ္ဍ – ငါးလုပ်ငန်း** | | | | | | |
| ၂။ | • ငါးပုစွန် ဈေးနှုန်း ရရှိမှု လျော့နည်းခြင်း<br>• ငါးပုစွန်များ ရှားပါး လာခြင်း<br>• ငါးလုပ်ငန်းဥပဒေကို မလိုက်နာခြင်း | • ငါးပုစွန်အရောင်းအဝယ် ကုန်သည်တစ်ဦးတည်းကို သာ မှီခိုနေရခြင်း (ငွေကြေး အရင်းအနှီးများအတွက်)<br>• ဒီရေတောများ ပြုန်းတီးလာ ခြင်း | • ဈေးပြိုင်ဝယ်ယူမည့် ကုန်သည်များရှိခြင်း၊<br>• ငါးပုစွန်ဈေးကွက်ဖွံ့ဖြိုးတိုး တက်ရေးနည်းလမ်းများ ဖော်ထုတ်ရန် အသက်မွေး ဝမ်းကျောင်းနှင့် ဝင်ငွေမြင့် | • ငါးဈေးနှုန်းများ အား ထိန်းချုပ် ထား ခြင်း<br>• ငါးလုပ်ငန်းရှင်ကြီး များ စနစ်တကျ ငါးဖမ်းယူခြင်းမရှိ၊ | –ငါးထုတ်ကုန်ဈေးကွက်တိုး တက်ရေးအတွက် မြို့နယ် အဆင့်အဖွဲ့အစည်းများသို့ တင်ပြခြင်း အစုအဖွဲ့စနစ်ဖြင့် ထုတ်လုပ် ရောင်းချသည့် စနစ်များ ထူ ထောင်ခြင်း၊ | ၂။ ငါးလုပ်ငန်း ဥပဒေ အတိုင်း ဆောင် ရွက် ကြပ်မတ်ခြင်း (ငါးဦးစီးဌာန) |

| စဉ် | အခက်အခဲ/ပြဿနာ | အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ် | အခြေအနေကောင်းများ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| | | • ရေအောက်သယံဇာတများ ပြုန်းတီးလာခြင်း ( ဝါလတ်စက်လှေကြီးများ ဖမ်းယူခြင်းကြောင့်) | တင်ရေး စီမံကိန်း ဆောင်ရွက်နေခြင်း | စက်ယန္တရားကြီးမျ ား အသုံးပြုခြင်း | • ငါးလုပ်ငန်းဦးစီးဌာနနှင့် ချိတ်ဆက်၍ ငါးလုပ်ငန်း ဥပဒေဆိုင်ရာ ဟောပြောခြင်း<br>• ငါးလုပ်ငန်းကဏ္ဍတိုးတက်စေရေး လုပ်ဆောင်နေသော အဖွဲ့များနှင့် ချိတ်ဆက်ခြင်း။ | ၃။ ငါးအဝယ်ဒိုင်များ ဖန်တီးပေခြင်း |
| • **ကဏ္ဍ – သီးနှံထုတ်လုပ်ရေး** | | | | | | |
| ၃။ | • သီးနှံစိုက်ပျိုးသူနည်းပါးခြင်း<br>• စိုက်ပျိုးနည်းပညာ ဗဟုသုတ အားနည်းခြင်း<br>• မြေဩဇာများနှင့် ပျိုးပင်များအား လက်လှမ်းမမှီခြင်း | • စိုက်ပျိုးသည့် ဥယျာဉ်ခြံနှင့် ရေအရင်းအမြစ် ဝေးကွာနေခြင်း၊ ကုန်းမြင့်ဒေသများတွင် ရှိနေခြင်း၊<br>• မြေပိုင်ဆိုင်သူ နည်းပါးခြင်း<br>• သီးနှံစိုက်ပျိုးရေးဆိုင်ရာ နည်းပညာဝန်ဆောင်မှု ထိရောက်စွာ မရရှိခြင်း၊<br>• အရင်းအနှီး လုံလောက်မှုမရှိခြင်း၊ | • နှစ်ရှည်သီးနှံခြံများတွင် နှစ်တိုသီးနှံများအား ကာလတိုဝင်ငွေရသီးနှံ အဖြစ်စိုက်ပျိုးထုတ်လုပ်နိုင်ခြင်း | • ဈေးကွက်နှင့် အလှမ်းဝေးခြင်း<br>• ငါး၊ပုဇွန်လုပ်ငန်းကိုသာ အားထားကြခြင်း | • ကြားသီးနှံများ စိုက်ပျိုးလာနိုင်စေရန် အသိပညာနှင့် နည်းပညာများတောင်းခံခြင်း၊<br>• ရေလုပ်ငန်းသက်သက်ကိုသာ အားထားခြင်းမပြုဘဲ စိုက်ပျိုးရေး လုပ်ငန်းကိုပါ ဝင်ငွေရလုပ်ငန်းအဖြစ် ဆောင်ရွက်လာရန် စီစဉ်ခြင်း၊<br>• စိုက်ပျိုးရေးဌာနနှင့် ချိတ်ဆက်ပြီး သြဂဲနစ်မြေဩဇာများ ဖန်တီးပေးခြင်း | ၄။ စိုက်ပျိုးရေ ရရှိရန် ဆောင်ရွက်ခြင်း<br><br>၅။ သီးနှံစိုက်ပျိုးရေး နည်းပညာဝန်ဆောင်မှုများ ရရှိအောင် ဆောင်ရွက်ခြင်း၊ (စိုက်ပျိုးနည်း၊ ဈေးကွက်၊ လုပ်ငန်း စီမံခန့်ခွဲမှု) |
| **ကဏ္ဍ – မွေးမြူရေး** | | | | | | |

| စဉ် | အခက်အခဲ/ပြဿနာ | အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ် | အခြေအနေကောင်းများ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| ၄။ | • ဝက်၊ ကြက်ရောဂါ ကျရောက်၍ ဆုံးရှုံးခြင်း<br>• သားပေါက်များ လက်လှမ်းမမှီခြင်း<br>• မွေးမြူရန် နေရာ အခက်အခဲရှိခြင်း | • ကာကွယ်ဆေးထိုးသည့် အစီအစဉ်များ မရှိခြင်း၊<br>• မိရိုးဖလာ အစွဲရှိခြင်း၊<br>• ခေတ်မီမွေးမြူရေး အသိပညာ အားနည်းခြင်း၊<br>• ငွေကြေးအရင်းအနှီး ရရှိရန် ခက်ခဲခြင်း<br>• မြေနေရာ နည်းပါးခြင်း<br>• ဈေးကွက်နှင့် အလှမ်းဝေးခြင်း၊ | • မွေးမြူရေးလုပ်ငန်းကို မိသားစုအပိုဝင်ငွေရ လုပ်ငန်း အဖြစ်လုပ်ကိုင်ရန် အမျိုးသမီးများ အချိန်ပေးနိုင်ခြင်း | • တိရစ္ဆာန်ရောဂါကာကွယ်ကုသရေး နည်းပညာ ဝန်ဆောင်မှုများ ရရှိရန် မလွယ်ကူခြင်း | • မွေးမြူရေးလုပ်ငန်း စီမံခန့်ခွဲမှုနှင့် နည်းပညာများရရှိရန် မွေးကုဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း၊<br>• အတိုးနှုန်းသက်သာသော ချေးငွေများရရှိရန် စီစဉ်ခြင်း၊ | ၆။ တစ်နိုင်တစ်ပိုင် မွေးမြူ ရေး လုပ်ငန်းများ လုပ် ကိုင် နိုင်အောင် ဆောင် ရွက်ခြင်း |
| **ကဏ္ဍ – စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေတိုးလုပ်ငန်းများ** | | | | | | |
| ၅။ | • အမျိုးသမီးများ ဝင်ငွေရလုပ်ငန်းများ မလုပ်ကိုင်နိုင်ခြင်း<br>• ငွေကြေးအရင်းအနှီးများ လက်လှမ်းမမှီခြင်း | • ရေသယံဇာတမျိုးစိတ်များ လျော့နည်းလာခြင်း<br>• အတန်းပညာတတ်မြောက်သူ နည်းခြင်း၊<br>• ရေလုပ်ငန်းကိုသာ အဓိက အသက်မွေးမှုဟုထင်နေခြင်း၊<br>• အတိုးနှုန်းကြီးစွာ ချေးယူနေရခြင်း | • ဝင်ငွေရလုပ်ငန်းလုပ်ကိုင်ရန် အမျိုးသမီးများ အချိန်ပေးနိုင်ခြင်း<br>• ရေလုပ်ငန်းထွက် ကုန်ကြမ်းများ ရရှိနိုင်ခြင်း<br>• ဥယျာဉ်ခြံသီးနှံ ထွက်ကုန်များအား ကုန်ချောပြုလုပ်ရန် အခွင့်အလမ်းများ ရှိခြင်း | • လုပ်ငန်းအခွင့်အလမ်း တိုးတက်ရေးစီမံကိန်းများ ဒေသတွင်း၌ မရှိခြင်း | • အလုပ်အကိုင်အခွင့်အလမ်းများ လက်လှမ်းမီမှု တိုးတက်ရေး အစီအစဉ်များဖြင့် ကျေးရွာလူထုအား ကူညီရန် မြို့နယ်အဆင့်သို့ တင်ပြခြင်း | ၇။ စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရ လုပ်ငန်းများ ဆောင် ရွက်ပေးခြင်း |
| **ကဏ္ဍ – ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း** | | | | | | |

| စဉ် | အခက်အခဲ/ပြဿနာ | အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ် | အခြေအနေကောင်းများ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| ၆။ | • သင့်တင့်သော ချေးငွေ ရရှိရန် ခက်ခဲခြင်း/ လက်လှမ်းမမှီခြင်း | • ရွှေ့ပြောင်းနေထိုင်မှုများ ရှိခြင်း<br>• အပေါင်ခံပစ္စည်း မရှိခြင်း<br>• အတိုးနှုန်း မြင့်မားခြင်း<br>• အသေးစားချေးငွေအဖွဲ့များ မရှိခြင်း | • ချေးငွေရရှိပါက ဒေသတွင်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ခြင်း | • အသေးစားချေးငွေ ဝန်ဆောင်မှုများ မြို့နယ်တွင်း၌ မဖွံ့ဖြိုးခြင်း | • အတိုးနှုန်းသက်သာသော ငွေချေးရရှိနိုင်ရန် မြို့နယ်အဆင့်သို့ တင်ပြခြင်း၊<br>• လူထုကိုယ်တိုင် ဦးဆောင်သည့် ငွေစုငွေချေးအဖွဲ့များ ထူထောင်ခြင်း၊ | ၈။ အစုအဖွဲ့စနစ်ဖြင့် ချေးငွေရရှိရေး ဆောင်ရွက်ခြင်း (ချေးငွေရရှိအောင် ဖန်တီးပေးခြင်း/ မြစိမ်းရောင်) |
| **ကဏ္ဍ – ပညာရေး** | | | | | | |
| ၇။ | • ကျောင်းတက်ရောက်မှု အားနည်းခြင်း<br>• မူလတန်းကျောင်း ထွက်နှုန်း မြင့်မားခြင်း<br>• ကျောင်းအိမ်သာ ကောင်းမွန်မှု မရှိခြင်း<br>• ပညာရေး အဆောက်အဦ၊ အသုံးအဆောင် ပစ္စည်းများကောင်းမွန်မှု မရှိခြင်း | • မိသားစုလုပ်ငန်းများတွင် ဝင်ရောက် လုပ်ကိုင်ကြခြင်း<br>• ပညာရေးအား စိတ်ဝင်စားမှု အားနည်းခြင်း၊<br>• ပြုပြင်ထိန်းသိမ်းမှု အားနည်းခြင်း၊<br>• မိဘဆရာအဖွဲ့များ အလုပ်လုပ်မှု အားနည်းခြင်း၊ | • ဆရာ/မများ လက်လှမ်းမှီခြင်း | • မူလတန်းအဆင့်ပြီးဆုံးပါက အလယ်တန်းသို့ တက်ရောက်နိုင်ရန် ခက်ခဲခြင်း (ငွေကြေး/ လမ်းပန်းဆက်သွယ်ရေး) | • အဆင်မပြေသော ကျောင်းသားများအား ပညာရေးအတွက် ထောက်ပံ့ပေးနေသော အဖွဲ့များနှင့် ချိတ်ဆက် ခြင်း၊<br>• စာသင်ကျောင်းအတွက် ပြုပြင်ထိန်းသိမ်းမည့် အစီအစဉ်များ ရေးဆွဲခြင်း၊<br>• ကျောင်းရန်ပုံငွေ ရှာဖွေခြင်း/ စုဆောင်းခြင်း၊ | ၉။ စာသင်ကျောင်း အခြေခံ အဆောက်အဦများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ |
| **ကဏ္ဍ – ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | | | | | | |

| စဉ် | အခက်အခဲ/ပြဿနာ | အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ် | အခြေအနေကောင်းများ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| ၈။ | • အိမ်သာ စနစ်တကျ အသုံးပြုမှု အားနည်းခြင်း<br>• သောက်သုံးရေ လက်လှမ်းမီမှု တိုးတက်ရန် လိုအပ်ခြင်း<br>• အမှိုက်များ စနစ်တကျ စွန့်ပစ်မှု မရှိခြင်း | • အခြေခံကျန်းမာရေးဆိုင်ရာ များအား အလေးထားမှု အားနည်းခြင်း<br>• ရေပိုက်လိုင်းများရှိ သော်လည်း ရေမလုံ လောက်ခြင်း<br>• အမှိုက်များ စွန့်ပစ်မည် နေရာများမရှိခြင်း | • သွယ်တန်းထားသော ကျေးရွာတွင် ရေပိုက်လိုင်း တည်ရှိခြင်း<br>• ရေအရင်းအမြစ်ပေါများ ခြင်း<br>• ကျေးလက်ဆေးပေးခန်း တည်ရှိနေခြင်း | • ပင်လယ်ကျေးရွာများဖြစ် သောကြောင့် အိမ်သာကို စနစ်တကျ အသုံးမပြုခြင်း<br>• ဆေးဝါးများ အစုံအလင် မရှိခြင်း | • အခြေခံကျန်းမာရေး အသိ ပညာပေး ဟောပြောပွဲများ ပုံမှန် ပြုလုပ်ခြင်း၊<br>• ရေကော်မတီဖွဲ့စည်း၍ အိမ်ရှေ့ အထိ ရေရောက်အောင် ပိုက် လိုင်း သွယ်တန်းခြင်း၊ ရေပေး ဝေမှု စနစ်တည်ဆောက်ခြင်း၊<br>• အမှိုက်ပစ်မည် နေရာနှင့် အစနစ်များ တည်ဆောက် ပျိုးထောင်ပေးခြင်း | ၁၀။ ရေတွင်း/ရေကန် များ တိုးချဲ့တည်ဆောက် ပေးခြင်း<br>၁၁။ အိမ်သာ စနစ်များ သုံးစွဲတတ်အောင် ပျိုးထောင်ပေးခြင်း<br>၁၂။ အမှိုက်ကန်များ တည်ဆောက်ပေးခြင်း |
| **ကဏ္ဍ – လမ်း၊ တံတား၊ အခြေခံ အဆောက်အဦ** | | | | | | |
| ၉။ | • ရွာတွင်းလမ်းများ ကောင်းမွန် မှု မရှိခြင်း | • ပြုပြင်ထိန်းသိမ်းမှု အားနည်း ခြင်း၊<br>• ရေကြီးလွှမ်းမိုးမှုများ ရှိခြင်း၊<br>• ရေမြောင်းများ မရှိခြင်း<br>• ကားကြီးဝင်ရောက်ခြင်း | • လမ်းတံတားများ တည် ဆောက်မည် ဆိုပါက သစ်၊ သဲ၊ ကျောက် များ ဒေသ တွင် လက်လှမ်းမီခြင်း<br>• ကားနှင့် ယန္တရားများ လက်လှမ်းမီခြင်း | • တန်ချိန်လွန် ကားကြီးများ ရွာတွင်းသို့ ခဏခဏ ဝင် ရောက်ခြင်း | • ရေလွှဲမြောင်းများ ပြုလုပ်ပေး ခြင်း<br>• မြေထိန်းနံရံများ ပြုလုပ်ပေး ခြင်း<br>• တန်ချိန်လွန်ကားများ ဝင် ရောက် မှု တားမြစ်ခြင်း | ၁၃။ ရွာတွင်း ကွန်ဂရစ် လမ်းများ တည်ဆောက် ပေးခြင်း<br>၁၄။ ရေလွှဲမြောင်းများ တူးဖော်တည်ဆောက် ပေးခြင်း |
| **ကဏ္ဍ – ကျေးရွာမီးလင်းရေး** | | | | | | |
| ၁၀ | • ဆိုလာမီးများ အိမ် | • ငွေကြေးမတတ်နိုင်ပါသဖြင့် | • NEP စနစ်ဖြင့် အကောင် | • TV နှင့် အခြားလျှပ်စစ် သုံး | • ပုဂ္ဂလိက မီးပေးရေးနှင့် | ၁၅။ ပုဂ္ဂလိက လျှပ်ခါတ် |

| စဉ် | အခက်အခဲ/ပြဿနာ | အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ် | အခြေအနေကောင်းများ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| | တိုင်းမရှိခြင်း | မဝယ်ယူနိုင်ခြင်း<br>• ဖယောင်းတိုင်းမီးကိုသာ အသုံးပြုနေခြင်း | အထည်ဖော်ထားသော ဆိုလာများ ကျေးရွာတွင် တည်ရှိခြင်း | ပစ္စည်းများ အသုံးမပြု နိုင်ခြင်း | ဆက်သွယ်ခြင်း။ | အား ဖြန့်ချီရေးနှင့် ချိတ် ပေးခြင်း |
| **ကဏ္ဍ – လူငယ်နှင့် ယဉ်ကျေးမှု** | | | | | | |
| ၁၁။ | • အားကစားကွင်းများ မရှိခြင်း<br>• စာကြည့်တိုက်မရှိခြင်း | • မြေနေရာမရှိခြင်း<br>• လူငယ်ဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲဆောင်ရွက်သည့် ဗဟုသုတနှင့်အလေ့အထ မရှိခြင်း၊ | • အားကစားနှင့် စာပေကို စိတ်ဝင်စားသော လူငယ်များ ရှိခြင်း | • အားကစားကွင်း တည်ဆောက်ရန် မြေနေရာမရှိခြင်း (ကျွန်း၏ တစ်ဖက်တွင်သာ တည်ရှိသည်) | • လူငယ် ဖွံ့ဖြိုးရေးလုပ်ငန်း များ လေ့လာဆောင်ရွက် နိုင်ရန် မြို့နယ်အဆင့် အဖွဲ့ အစည်းများထံ လေ့လာခြင်း | ၁၆။ အားကစားကွင်း ဖောက်လုပ်ပေးခြင်း<br>၁၅။ စာကြည့်တိုက် စနစ်ကို တည်ထောင် ပေးခြင်း |
| **ကဏ္ဍ – သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဘေးအန္တရာယ် လျော့ချရေး** | | | | | | |
| ၁၂။ | • ငါးမျိုးပြုန်းတီးလာ ခြင်း<br>• အမှိုက် စွန့်ပစ်မှု စနစ်မကျခြင်း<br>• ဒီရေတော ပြုန်းတီး လာခြင်း<br>• ရေကြီးနိုင်သည့် အန္တရာယ် ရှိခြင်း<br>• ရေထု ညစ်ညမ်းခြင်း | • စားကျက်မြေ၊ မျိုးပွားရန် နေရာ လျော့နည်းလာသဖြင့် ငါးမျိုးစိပ်များရှားပါးလာခြင်း<br>• ဒီရေတော ထိန်းသိမ်းမှု၊ ခုတ် ယူမှုတွင် ဥပဒေစိုးမိုးမှု အား နည်းခြင်း<br>• အမှိုက်များ စွန့်ပစ်ရန် မြေနေ ရာ/သတ်မှတ် မထားခြင်း<br>• ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ အသိပညာ အားနည်း | • ဒီရေတောများ ထိန်းသိမ်း မည် အစီအစဉ်ရှိနေခြင်း | • | • ဒီရေတော စိုက်ခင်းများ ပြန် လည်ထူထောင်ခြင်း<br>• ဒီရေတောထိန်းသိမ်းရေးဆိုင် ရာ ဒေသစည်းမျဉ်း ဥပဒေ များ ရေးဆွဲသတ်မှတ်ခြင်း<br>• ဒီရေတောထိန်းသိမ်းရေး အသိပညာပေး ဆွေးနွေးပွဲ များ ပြုလုပ်ခြင်း၊<br>• အမှိုက်များ စွန့်ပစ်ရန် မြေနေရာ သတ်မှတ်ခြင်း၊ | ၁၇။ ဒီရေတောနှင့် ငါးသယံဇာတ ထိန်းသိမ်း ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း |

| စဉ် | အခက်အခဲ/ပြဿနာ | အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ် | အခြေအနေကောင်းများ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| | | ခြင်း | | | စည်းကမ်းများ သတ်မှတ် လုပ်ဆောင်ခြင်း။ | |

## အသက်မွေးဝမ်းကျောင်းနှင့်ဝင်ငွေမြှင့်တင်ရေးစီမံကိန်း

## အခြေခံအဆောက်အဦးနှင့် ဦးစားပေးလုပ်ငန်းများ

ကျေးရွာ– ကံမော်ကြီး အုပ်စု –မသေ ရက်စွဲ– ၂၈၊၉၊၂၀၁၇

| ဦးစားပေး အဆင့် | ဦးစားပေးလုပ်ငန်းများ |
|---|---|
| ၁ | ကွန်ကရစ်လမ်း |
| ၂ | အားကစားကွင်း |
| ၃ | မြေထိန်းနံရံ |
| ၄ | အဝီစိတွင်း |
| ၅ | ကျေးရွာဈေး |

## အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဦးစားပေးလုပ်ငန်းများ

| ဦးစားပေး အဆင့် | ဦးစားပေးလုပ်ငန်းများ |
|---|---|
| ၁ | ဝက်မွေးမြူရေး |
| ၂ | ပုစွန်ထိုး |
| ၃ | ငါးဖမ်း |
| ၄ | ဂဏန်းထောင်ခြင်း |
| ၅ | ကြက်မွေးမြူရေး |

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း**

**အခြေခံအဆောက်အဦးနှင့် ဦးစားပေးလုပ်ငန်းများ**

ကျေးရွာ– ကံမော်ကြီး  အုပ်စု –မသေ  ရက်စွဲ– ၃၊၁၊၂၀၂၅

| ဦးစားပေး အဆင့် | ဦးစားပေးလုပ်ငန်းများ |
| --- | --- |
| ၁ | တောင်ပေါ်လမ်းကွန်ကရစ်ခင်းခြင်း |
| ၂ | ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း |
| ၃ | ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်း |

**အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဦးစားပေးလုပ်ငန်းများ**

| ဦးစားပေး အဆင့် | ဦးစားပေးလုပ်ငန်းများ |
| --- | --- |
| ၁ | လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုသင်တန်း |
| ၂ | သိုးမွေးထိုးနည်းသင်တန်း |